မြဝတီ နေ့စဉ်

မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅၇)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

စာ - ၅ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

စာ - ၅ သို့

## နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရ ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

စာ - ၁၅ သို့

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးကျင်းပမှုကို တိုက်ရိုက် (Live) ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက် **(ယနေ့)** နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးကျင်းပပုံများကို MRTV Parliament Channel နှင့် MRTV Farmers' Channel တို့မှ ပုံမှန်ထုတ်လွှင့်မှုအပြင် MRTV - HD နှင့် MWD - HD၊ MWD Variety - HD တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၉

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက်၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦး ရှိသည့်အနက် **စာမျက်နှာ ၁၆ ကော်လံ ၁ ❍**




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၁၀ ရက်)

# ပြည်သူသာအမိ ပြည်သူသာအဖ ထာဝရတပ်မတော်

တပ်မတော်သည် နိုင်ငံတော်အတွက် အတိတ်ကာလမှ ယနေ့ပစ္စုပ္ပန်ကာလအထိ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာမည့် မည်သည့်ဘေးရန်အန္တရာယ်ကိုမဆို တိုက်ဖျက်ချေမှုန်းဆောင်ရွက်ကာ အခြေအနေကောင်းတစ်ရပ်သို့ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပစ္စုပ္ပန်ကာလမှသည် အနာဂတ်ခရီးလမ်းကြောင်းတွင်လည်း တပ်မတော်သည် နိုင်ငံတော်နှင့်နိုင်ငံသားများကောင်းကျိုးကို အစဉ်သယ်ပိုးနေမည်သာဖြစ်သည်။

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲမသမာမှုများကြောင့် အရေးပေါ်ကာလသတ်မှတ်ပြီး အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကတာဝန်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယခုအထိ နိုင်ငံ့တာဝန်ကိုထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ချိန်မှစပြီး အခက်အခဲနှင့်စိန်ခေါ်မှုများစွာကြုံတွေ့ခဲ့ရသည်။ စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါပြင်းထန်နေသည့်အချိန်ဖြစ်ပြီး ကူးစက်မှုကာကွယ်ရန်နှင့်ကုသရေးဆိုင်ရာများကို တပ်မတော်သားများနှင့်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်၌ ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်၌ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အဦများ၊ လူနေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့်သာသနိကအဆောက်အအုံများ များစွာထိခိုက်ပျက်စီးခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ရခိုင်ပြည်နယ်ကိုမုန်တိုင်းတိုက်ခတ်ပြီး နောက်ရက်တွင်ချက်ချင်းသွားရောက်ကာ ထိခိုက်ဒဏ်ရာရသူများကို အားပေးနှစ်သိမ့်ခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကိုချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စေခဲ့သည်။ ဒေသခံအများစုအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေကြပြီး ပျက်စီးမှုများကိုရှင်းလင်းခြင်းနှင့်ပြန်လည်ထူထောင်မှုကို မူလအခြေအနေထက်သာလွန်ကောင်းမွန်အောင် တပ်မတော်အင်အားကိုအခြေပြုပြီး အလေးထားဆောင်ရွက်ပေးခဲ့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် တောင်တရုတ်ပင်လယ်ဘက်ကစခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်းရာဂိကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံးသောမိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အလွန်အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတို့၌ ထိခိုက်ပျက်စီးမှုများပြီး အခြားဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကယ်ဆယ်ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တပ်မတော်သားများ ပူးပေါင်းပါဝင်ခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်ကျရောက်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တပ်မတော်မှအရာရှိကြီးများအား သတ်သတ်မှတ်မှတ်တာဝန်ပေးပြီး အပျက်အစီးရှင်းလင်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်ဆောင်ရွက်စေခဲ့သည်။ တာဝန်ပေးခဲ့သည့် တပ်မတော်အရာရှိကြီးများကလည်း ဆင်းရဲဒုက္ခကြားတွင် သွားရောက်နေထိုင်ပြီး လက်တွေ့ကျကျ အောက်ခြေထိဆင်းပြီး ဆောင်ရွက်ခဲ့ကြသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်းမှာပင် စိတ်စေတနာထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စားပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လုပ်ငန်းများ ဆောလျင်စွာ ပြီးမြောက်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့်တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များချီးမြှင့်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားစဉ် **“ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်တစ်သားတည်းပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်းကိုထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်အောင် ကြီးကြပ်ကွပ်ကဲစီမံပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကိုလည်း လေးစားစွာမှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ အနာဂတ်ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ “ပြည်သူသာအမိ ပြည်သူသာအဖ”ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရန်”**ထည့်သွင်းပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် **ပြည်သူသာအမိ ပြည်သူသာအဖ ထာဝရတပ်မတော်**အဖြစ် ပြည်သူကိုအစဉ်တစိုက်အလုပ်အကျွေးပြုနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ရွှေဘိုခရိုင်၌ ထောပတ်ပဲစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ရွှေဘို ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောထောပတ်ပဲစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ရွှေဘိုခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ထောပတ်ပဲသီးနှံ ၄၁၄၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယခုအခါတွင် ရွှေဘိုမြို့နယ်၌ ၅၂၂ ဧက၊ ခင်ဦးမြို့နယ်၌ ၇၀၉ ဧက၊ ဝက်လက်မြို့နယ်၌ ဧက ၁၉၀၀ နှင့် ကျောက်မြောင်းမြို့နယ်ခွဲ၌ ၁၀၁၅ ဧက စုစုပေါင်း ၄၁၄၆ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်၌ ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသလို အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုခရိုင်၌ ပဲမျိုးစုံစိုက်ပျိုးကြသောတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးကြရေးနှင့်လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၉)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ် နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တညင်းကုန်းအဆင့်မြင့်လက်ကားဈေး၌ နေ့စဉ်ကုန်တင်ယာဉ်အစီးရေ ၃၀၀ ခန့် ဝင်ရောက်နေ



ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တညင်းကုန်းအဆင့်မြင့်လက်ကားဈေး၌ နေ့စဉ်နယ်စုံမှ ကုန်တင်ယာဉ်အစီးရေ ၃၀၀ ခန့် ဝင်ရောက်နေကြောင်း ဈေးကော်မတီရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အဆိုပါ တညင်းကုန်းအဆင့်မြင့်လက်ကားဈေး၌ နေ့စဉ် ကုန်တင်ယာဉ်ကြီး အနည်းဆုံး အစီး ၅၀ ခန့် ဝင်ရောက်လျက်ရှိပြီး ပစ္စည်းဝင်ရောက်သည့် ကားအသေးများအပါအဝင် စုစုပေါင်း အစီးရေ ၃၀၀ ခန့် ဝင်ရောက်မှုရှိသည်။

တညင်းကုန်းအဆင့်မြင့်လက်ကားဈေး၌ ကုန်စည်စီးဆင်းမှုလျင်မြန်စေရန် အနယ်နယ်အရပ်ရပ်မှ လာရောက်သော ကုန်တင်ကားများ၊ တွဲကားများနှင့် ၁၂ ဘီးကားများအတွက် ညအိပ်ရပ်နားစခန်းကို စီမံထားရှိရာ အဆိုပါယာဉ်ရပ်နားစခန်း၌ ယာဉ်အစီးရေ ၅၀၀ ခန့် ညအိပ်ရပ်နားလျက်ရှိကြောင်း၊ ညအိပ်ရပ်နားသည့်ယာဉ်များအတွက် တစ်ရက်လျှင် ယာဉ်ရပ်နားခငွေကျပ် ၃၀၀၀ ကောက်ခံပြီး လုံခြုံရေးအပိုင်းကို အပြည့်အဝဆောင်ရွက်ပေးထားကြောင်း သိရသည်။

တညင်းကုန်း အဆင့်မြင့်လက်ကားဈေးကြီးကို ၂၀၁၈ ခုနှစ်အတွင်းက ဈေးရုံ ၄ ရုံနှင့် ဆိုင်ခန်းပေါင်း ၆၇၀၀ ကျော်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ဈေးရုံ ၆ ရုံနှင့် ဆိုင်ခန်းပေါင်း ၇၅၀၀ ကျော်ဖြင့် ရောင်းဝယ်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဝါဝါ

# ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ဒိုက်ဦး ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် သုံးခွကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီလ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက သုံးခွကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ၌ အရှည်ပေ ၄၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၉၆ ဒသမ ၇၁၃ သန်းဖြင့် Min & Khin ကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင်လက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒေသခံများ သွားလာရေးလွယ်ကူပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**

# တွံတေးမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဗဟိုရေကစားမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ သိရသည်။

တွံတေးမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဗဟိုရေကစားမဏ္ဍပ်တစ်ခုနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ ရေကစားမဏ္ဍပ်များဖြင့် ဆင်နွှဲမည်ဖြစ်ပြီး အများပြည်သူပျော်ရွှင်မှုရှိစေရေးအတွက် ကွမ်းခြံရပ်ကွက်နှင့် အလယ်ပိုင်း ဗိုလ်ချုပ်လမ်းမတစ်လျှောက် လမ်းလျှောက်သင်္ကြန်စီစဉ်ထားကာ ဗဟိုရေကစားမဏ္ဍပ်တွင် ယိမ်းအဖွဲ့များမှ နေ့စဉ်ကပြဖျော်ဖြေမှုနှင့် တေးဂီတဖျော်ဖြေမှုများပါဝင်မည်ဖြစ်သည်။

လမ်းလျှောက်သင်္ကြန်ပါဝင်ဆင်နွှဲသူများနှင့် ရေကစားမဏ္ဍပ်တွင် လာရောက်ရေကစားကြသူများကို စတုဒိသာများ ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် ရှမ်းလေးရွာမှ ရွှေဆံတော်စေတီရင်ပြင် အောင်မြေနေရာ၌ နှစ်စဉ် ရှမ်းရိုးရာသဲပုံစေတီတည်ခြင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှဦးဆောင်၍ မြို့နယ်အတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်ရွတ်ဖတ်ပူဇော်ခြင်းတို့အပြင် သက်ကြီးပူဇော်ပွဲများနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ စာစီစာကုံးရေးသားနည်းသင်တန်းဆင်း



ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သော စာစီစာကုံးရေးသားနည်း သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံ(မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာမ မြမဥ္ဇူဝေ (ကျုံမငေး)က သင်တန်းတွင် ကျင်းပပေးခဲ့သည့် ပြိုင်ပွဲ၏အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာစီစာကုံးရေးသားနည်းသင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး မြို့နယ်ဦးစီးမှူးက သင်တန်းနည်းပြဆရာအား ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ဒဂုံ(မြောက်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကလေးငယ်များ၏ စာစီစာကုံးရေးသားမှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရန်နှင့် စာစီစာကုံးရေးသားနည်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အဆိုပါ စာစီစာကုံးရေးသားနည်း သင်တန်းကို ဧပြီလ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'မာညိုရေ၊ စုလှိုင်တစ်ယောက် ဘယ်ကိုမှလည်း အလုပ်မလျှောက်ဘူး၊ ဘယ်မှလည်း အလုပ်မဝင်ဘူး နော်'

ပေါက်ကျိုင်းက လှမ်းပြောသည်။ ထိုအခါ အမာညို သည် စုလှိုင်ကို သတိရပြန်သည်။

'မတွေ့တာတောင်ကြာလှပေါ့၊ ဘယ်များရောက်နေတယ်မသိဘူးနော်၊ ပျောက်ချက်သားကောင်းလိုက်တာ'

ညီလင်းသည် ခြင်းတောင်းထဲမှ ချဉ်ပေါင်ပင်များကို လှမ်း၍ယူလိုက်ကာ ဆိတ်ခြွေနေလိုက်သည်။ စုလှိုင်အခန်းထဲ အလှောင်ခံထားရကြောင်း မပြောမိအောင် ပါးစပ်ကို တင်းတင်းပိတ်ထားသည်။ စုလှိုင်ကိုသတိရသည်။ မတွေ့ရသည်မှာ အတန်ကြာပေပြီ။ သူ့လက်ခံပေါ်မှ စုလှိုင်၏သွားရာများပင် အမာရွတ်ထင်နေပြီဖြစ်သည်။ သို့သော် သို့သော်လည်း သူ့နှလုံးသားမှ ဒဏ်ရာကမူ ခုထိအကင်းမသေသေးကြောင်း သူသိလေသည်။

'သူတို့က ချမ်းသာတာပဲ၊ ပညာကို အပျော်သင်တာ၊ အလုပ်လုပ်ဖို့မှ မလိုဘဲ'

'အလုပ်မလုပ်ချင်ရင် ဘာလို့သင်နေလဲကွာ၊ သူ့နေရာမှာ ဒီပြင်တစ်ယောက်အတွက် အခွင့်အရေးလျော့တာပေါ့'

'ဒါပေမဲ့ နိုင်ငံခြားထွက်ချင်ရင် ထွက်မှာပေါ့၊ ဘယ်ပြောနိုင်မလဲ ကိုပေါက်ကျိုင်းရ'

'ဒီက အင်ဂျင်နီယာတွေက ကမ္ဘာ့အဆင့်မမီဘူးဆို'

'ဒါတော့ ဘယ်တတ်နိုင်မှာလဲ၊ လူချင်းကွာတာ မဟုတ်ပါဘူး၊ အခြေအနေချင်းကွာတာပါ၊ သူတို့လိုသာ ပြည့်ပြည့်စုံစုံသင်ခွင့်ရရင် သူတို့လိုပဲ တက်မှာပေါ့၊ ဒို့တွေက ပျင်းသာပျင်းတာ မဖျင်းပါဘူးဟယ်၊ သူတို့နဲ့ယှဉ်ပြီး သင်ကြည့်စမ်းစေချင်တယ်'

အမာညိုက ဟင်းအိုးကို မီးဖိုပေါ်တင်လိုက်ရင်း ပြောသည်။ ငြိမ်ချက်သားကောင်းနေသော ဟနုမာန်က သူ့အမေကိုသွားဖြဲပြီး ရယ်ပြနေလေသည်။

ညီလင်းကမူ ဟနုမာန်ထက်ပင် ငြိမ်ချက်သားကောင်းနေသည်။ စုလှိုင်အကြောင်းကိုပဲ တွေးနေမိသည်။ မည်သည့်အရာမဆို စွဲလမ်းမိသောအရာတစ်ခုကို အပြတ်ဖြတ်ရလျှင် ဆင်းရဲခြင်းကြီးစွာခံစားရသည်ကို ညီလင်းသိသည်။ စုလှိုင်သည်လည်း လောကငရဲသို့ ရောက်ရှိနေမည်ဖြစ်သည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေမည်လား၊ မျက်နှာကလေး ဖြူရော်ရှုံ့မဲ့ကာ အော်ငိုနေမည်လား၊ ကြမ်းပေါ်တွင်ပင် တစာစာအော်ဟစ်ရင်း လူးလှိမ့်နေမည်လား၊ ညီလင်း မတွေးလိုပေ။ ယခုအချိန်တွင်တော့ စုလှိုင်ကို ပထမဆုံးအကြိမ်အဖြစ် လုံးလုံးလျားလျား သနားနေမိလေသည်။

■ ■ ■ ■ ■

'အခုနေရရင် စု ပြန်သောက်ဦးမှာလား'

'စုရဲ့စိတ်ကို စု မသိဘူး၊ ကိုယ့်စိတ်ကိုယ် နိုင်၊ မနိုင် သိပ်မသေချာဘူး'

စုလှိုင်သည် ဖရက်ဒီအကြောင်း ဆက်၍တွေးမိပြန်သည်။ သူ့ကို ဘိန်းဖြူနှင့် စတင်မိတ်ဆက်ပေးခဲ့သူဖြစ်သော်လည်း ဖရက်ဒီသည် သူ့အပေါ်တွင် စိတ်ဆိုးစိတ်ယုတ်ထားခဲ့သူမဟုတ်ဟု ယုံကြည်သည်။ အခုလို အချုပ်ထဲရောက်နေသည်ဟု ကြားရသောအခါ သူ့အတွက် စိတ်မကောင်းဖြစ်မိလေသည်။

ချုံးချုံးကျပြီး ကယောင်ချောက်ချားနှင့် ဆောက်တည်ရာမရဖြစ်နေသော စုလှိုင်သည် ယခုရက်ပိုင်းအတွင်း အတန်ငယ်ပြန်ပြီးတည်ငြိမ်လာသည်။ အဆိုးဆုံးကာလကို ကျော်လွန်ခဲ့ပြီဖြစ်လေသည်။



'စု ဖရက်ဒီအကြောင်း သိပြီးပြီလား'

ဒက်ဒီက မေးသည်။ စုလှိုင်သည် အားနည်းသော အပြုံးဖျော့ဖျော့လေးကို ပြုံးရင်း ခေါင်းကိုအသာအယာညိမ့်ပြသည်။ သူ့ကို အကဲခတ်နေဟန်ရှိသော ဒက်ဒီကိုပြန်၍ကြည့်နေမိလေသည်။

'ဆေးထိုးပြွန်ရော အပ်ရော တွေ့တာတဲ့၊ ဘိန်းဖြူတွေရောပေါ့၊ အခုတော့ အချုပ်ထဲမှာပဲ၊ သူ့မိတ်ဆွေတွေကတော့ အာမခံရအောင် ဝိုင်းပြီးကြိုးစားနေကြတယ်'

အချုပ်ခန်းထဲရောက်နေမည့် ဖရက်ဒီ၏ရုပ်သွင်ကို တွေးထင်မြင်ယောင်မိရင်း စုလှိုင်သည် သက်ပြင်းလေးချလိုက်သည်။ ဖရက်ဒီသာမက တစ်ချိန်က သူ့အခန်းထဲဝင်ရှာလျှင် သူလည်းအချုပ်ထဲရောက်ဖို့ လမ်းအများကြီးရှိလေသည်။

စုလှိုင်ကို တစ်အိမ်လုံးမျက်ခြည်မပြတ်စောင့်ကြည့်နေကြသေးသော်လည်း ယခင်တုန်းကလိုတော့ သော့ခတ်မထားတော့ပေ။ ဖခင်ဖြစ်သူကလည်း နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါရောက်လာပြီး ကြည့်ရှုအကဲခတ်လေ့ရှိသည်။ ဆရာဝန်ကမူ နေ့တိုင်းလာပြီး အားဆေးသွင်းပေးလျက်ရှိသည်။

'စုက ဆေးလိပ်ထဲထည့်သောက်ရုံမို့ တော်သေးတာ၊ အကြောထဲသွင်းနေတဲ့သူဆိုရင် မလွယ်ဘူးတဲ့'

ဒက်ဒီက နှစ်သိမ့်သည်။ ပြီးတော့ ဒက်ဒီက ဆက်ပြောသည်။

'စု၊ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်ထိန်းထားနော်၊ ဒက်ဒီ သန်ဘက်ခါဆိုရင် နယ်ထွက်ရမယ်'

'ဘယ်ကိုလဲဟင်'

'မြစ်ဝကျွန်းပေါ်ဘက်လေ၊ ရိုက်ကွင်းရိုက်ကွက်သွားကြည့်မလို့'

ဒက်ဒီသည် ယခင်က ရုပ်ရှင်ကုမ္ပဏီကိုသာ ငွေရင်းမတည်သည်။ ကုမ္ပဏီပိုင်ရှင်အမည်ခံရုံသာဖြစ်သည်။ ယခုတော့ ရုပ်ရှင်ထုတ်လုပ်သူဖြစ်နေချေပြီ။ ဒါရိုက်တာဟူသောအမည်ကိုကား လုံးလုံးလျားလျားမခံယူသေးပေ။

'အယ်မာရောလား'

စုလှိုင်ကမေးသောအခါ ဒက်ဒီသည် မကြားချင်ဟန်ဆောင်နေသည်။ ထွန်းယူလာသောသတင်းစာကို လှမ်း၍ယူကာ ဟိုလှန်ဒီလှန်ကြည့်ရင်း အလုပ်ရှုပ်နေလေသည်။ ဒက်ဒီခရီးသွားရာသို့ အယ်မာပါ ပါသွားမည်မှာ ကျိန်းသေသည်။ ထို့ကြောင့် ဒက်ဒီကို လှောင်ပြုံးလေးပြုံးပြလိုက်ချင်သော်လည်း မပြုံးပြတော့ဘဲ မျက်စိကိုမှိတ်ထားလိုက်သည်။

'သုံးဘီးမောင်းတဲ့အစ်ကိုကြီးက မမကို ခဏ ခဏ မေးတယ်၊ နေကောင်းသွားပြီလားတဲ့'

'ဘယ်သူလဲ၊ ဘယ်က သုံးဘီးမောင်းတဲ့သူလဲ'

'ညီလင်းညိုဆိုတဲ့ အစ်ကိုကြီးလေ'

'ဪ၊ သူ သုံးဘီးမောင်းနေသလား'

စုလှိုင်၏စိတ်သည် ညီလင်းညိုဆီသို့ လွင့်ပျံ့သွားသည်။ သူနှင့်မတွေ့သည်မှာ ကြာလှချေပြီ။ စုလှိုင်၏ အိပ်မက်များဆီသို့ သူသည် တစ်ခါတစ်ရံအလည်လာတတ်သည်။ အိပ်မက်ထဲ၌ပင် ကပြက်ကချော်ပြုံးရင်း "ကျွန်တော့်ကို မပြုစားနဲ့၊ ပြုစားလို့လည်း မရဘူးဗျ" ဟု ပြောတတ်လေသည်။

ဒက်ဒီသည် သတင်းစာကိုပြန်ချလိုက်ရင်း ထိုင်ရာမှထသည်။ ထို့နောက် စုလှိုင်ကိုပြုံး၍နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားလေသည်။

စုလှိုင်သည် အိပ်ရာပေါ်တွင် ငြိမ်သက်စွာအိပ်နေရင်း ဒက်ဒီပစ်ချသွားသော သတင်းစာလေးကို ငေးကြည့်နေသည်။ ဒက်ဒီပြောသွားသောစကားသည် သူ့နားထဲသို့မဝင်ပေ။ လျှံ၍သွားသည်။ အားဆေးများ သွင်းရလွန်းသဖြင့် နာနေသောလက်ကို ဖွဖွလေးစမ်းရင်း ညီလင်းညို၏အကြောင်းကို ဆက်၍တွေးနေလေသည်။

ထွန်းကပြောသွားသည်။ သုံးဘီးမောင်းတဲ့ အစ်ကိုကြီးတဲ့။ သူသုံးဘီးမောင်းနေလေသည်။ နောက်ပြီး စုလှိုင်၏သတင်းကို မကြာခဏမေးနေသည်တဲ့။ ဒီလိုတော့လည်း သူ ငါ့အကြောင်းကို တော်တော်လေး စိတ်ဝင်စားသားပဲ၊ ဂရုစိုက်သားပဲဟုတွေးရင်း စုလှိုင်ရင်ထဲတွင် ကျေနပ်လှိုင်းလေး ရိုက်ခတ်လာလေသည်။

■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

## ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

သံတောင်ကြီး ဧပြီ ၉

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို ဧပြီလ ၈ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးဆင့်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့်လုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့်ဝန်ထမ်းများက ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၅၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**ဘိုဘို**

## လမ်းမတော်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ယဉ်ကျေးလိမ္မာအခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်ရည်ရွယ်၍ ယဉ်ကျေးလိမ္မာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီလ ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားနှင့် ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ ဆရာတော်ဦးသုနန္ဒက မုဒိတာစကားမိန့်ကြားပြီး သင်တန်းနည်းပြဆရာ ဦးနန္ဒမြင့်သိန်းက သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းသို့ လမ်းမတော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဧပြီလ ၇ ရက်မှ ၂၉ ရက်အထိ နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**

**အဆွေတော်**
**မစ္စတာ မင်းအောင်လှိုင်**
**သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ အရည်အချင်းပြည့်ဝလှသည့် ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စည်းလုံးမှုအားကောင်း၍ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးမြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့်မိမိတို့အကြား တွေ့ဆုံဆွေးနွေးမှုများကို ကောင်းစွာအမှတ်ရလျက်ရှိပြီး အဆွေတော်နှင့်ပုဂ္ဂိုလ်ရေးထိတွေ့ဆက်ဆံခွင့်ရရှိသည့်အတွက် စိတ်ရင်းဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်၍ တိုးတက်ကောင်းမွန်လာစေရန်အတွက် ခိုင်မာသောအုတ်မြစ်တစ်ခုဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ခိုင်မာသောဆက်ဆံရေးသည် ကာလရှည်ကြာတည်တံ့ခဲ့ပြီး နက်ရှိုင်းသော အနာဂတ်ကိုလည်း ပိုင်ဆိုင်ထားပါသည်။

အဆွေတော်အား ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆာဂေး ရှွိုင်းဂူ**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်**

**ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**သမ္မတကြီးခင်ဗျား၊**

သမ္မတကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ကျွန်တော့်အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်အတွက် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါသမယတွင် သမ္မတကြီးအား ရွေးကောက်တင်မြှောက်လိုက်ခြင်းသည် သမ္မတကြီး၏ ဦးဆောင်မှုအပေါ် ယုံကြည်အလေးထားမှုကို ထင်ဟပ်စေပါသည်။ သမ္မတကြီး၏လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသည် ပြည်သူများ၏အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကျွန်တော်အခိုင်အမာယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုခိုင်မာစေရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းရရှိစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်သွားရန် ကျွန်တော်၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။

သမ္မတကြီးအား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ယခုလို အရေးကြီးသော တာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားမှုဖြင့်

**ကိုကိုလတ်**
**မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်**

**အဆွေတော်၊**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်ကိုဦးဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်ဝတ္တရားအဝဝကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ချမှတ်ထားသောရည်မှန်းချက်ပန်းတိုင်များကိုလည်း ပြည့်ဝစွာဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏သာယာဝပြောရေးကိုရှေးရှုသည့် မဟာဗျူဟာမြောက်စီမံကိန်းများကိုလည်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါစေကြောင်း စိတ်ရင်းစေတနာအပြည့်ဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုအခါသမယတွင် ရုရှား-မြန်မာဆက်ဆံရေးပိုမိုကောင်းမွန်လာစေရန်အတွက် တာတာစတန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်သွားရန် အလေးအနက်စိတ်အားထက်သန်လျက်ရှိပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားအပ်ပါသည်။

လေးစားစွာဖြင့်

**ရုစတမ် မီနီခါနော့ဗ်**
**တာတာစတန်ပြည်နယ်အကြီးအကဲ**

## ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်းထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

**ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်းထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်**

**အဆွေတော် ဦးညိုစော**
**ဒုတိယသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံကိုယ်စားနှင့် မိမိအနေဖြင့်ဝမ်းမြောက်ကြောင်းပြောကြားလိုပါသည်။

အခွင့်ကြုံခိုက်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် အပြန်အလှန်ဖေးမမှုတို့ကိုအခြေခံပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် မြန်မာ-ဘယ်လာရုစ်ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်သွားရန် ကတိကဝတ်ကို မိမိအနေဖြင့် ထပ်လောင်းအတည်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ အဆင့်မြင့်တွေ့ဆုံမှုများတွင်ရရှိခဲ့သည့် သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် သဘောတူလက်ခံခဲ့သည့် ဒုတိယအကြိမ်မြောက် ဘယ်လာရုစ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဦးစားပေးကိစ္စရပ်များအဖြစ် အကောင်အထည်ဖော်သွားရန်ဖြစ်ပါသည်။

နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန်ရည်ရွယ်၍ ဘယ်လာရုစ်နှင့် မြန်မာအစိုးရများအကြား ထိတွေ့မှုများ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလက်ဇန္ဒား တာချင်း**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း/အဖွဲ့များနှင့်ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၉

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း (နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ၊ ဘဝသစ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးပရဟိတအသင်း၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့်နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီးဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါကြောင်း၊ ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှကင်းဝေးပါစေကြောင်းစသည်ဖြင့်ပါရှိကြောင်းသိရှိရသည်။ (၁၀၀)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး**
**လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့်**
**ဘက်စုံတည်ဆောက်ရေးအဖွဲ့**

## ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်

နိုင်ငံတော်သမ္မတရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများအရ ရွေးချယ်ခန့်အပ်ခံရသော နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) နန်းနီနီအေးတို့အား နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာတင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် သမ္မတကြီးဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် နိုင်ငံတော်၏စီးပွားရေး တိုးတက်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတွင် အသင်းအနေဖြင့် အစိုးရနှင့်ပူးပေါင်းကာ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးဦးဆောင်မည့် အစိုးရအဖွဲ့အသစ်အားကျန်းမာ၊ ချမ်းသာပြီး နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးအတွက် အောင်မြင်စွာ ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**
**အသေးစား၊ အငယ်စားနှင့်အလတ်စား**
**စီးပွားရေးလုပ်ငန်းရှင်များအသင်း**
**နေပြည်တော်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှကင်းဝေးပါစေ၊ တရားထူးတရားမြတ်ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်**
**လွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ**
**အထောက်အကူပြုလုပ်ငန်းကော်မတီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဘဝသစ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးပရဟိတအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းဆောင်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘဝသစ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးပရဟိတအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်မှ ရွေးကောက်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး စိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သကာ ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်သူများလိုလားချက်နှင့်အညီ နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်အစိုးရအဖွဲ့ကို လှိုက်လှဲဝမ်းသာစွာကြိုဆိုဂုဏ်ပြုအပ်ပါသည်။

သမ္မတကြီး၏ဦးဆောင်မှုဖြင့် ကမ္ဘာ့အဆင့်မီ ဒစ်ဂျစ်တယ် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်ပူးပေါင်းပါဝင်ထမ်းရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၅ Esports ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကမ္ဘာ့ဖလား(ရွှေတံဆိပ်ဆု) ရရှိခဲ့သည့် မြန်မာနိုင်ငံ Esports အားကစားအဖွဲ့ချုပ်၊ Esports အသင်းများနှင့် Esports လူငယ်ထုတစ်ရပ်လုံးမှလေးနက်စွာကတိပြုအပ်ပါသည်။

**ဦးဆောင်နာယက**
**နာယက၊ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်**
**စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

# အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏ (၇၇) နှစ်မြောက် တည်ထောင်သည့်နေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲကျင်းပ




ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ကြီးမှူးကျင်းပသည့် အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၏ (၇၇) နှစ်မြောက် တည်ထောင်သည့်နေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစင်တာ၌ ကျင်းပသည်။

ဦးစွာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Shri Kirti Vardhan Singh၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur၊ မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ဆီမီးများထွန်းညှိပူဇော်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌတို့က ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့ကို ပဝါများလွှမ်းခြုံပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွာမိဝိဝေကာနန္ဒ ယဉ်ကျေးမှုစင်တာ (SVCC) ဆရာ၊ ဆရာမများနှင့် ကျောင်းသားတို့က အိန္ဒိယရိုးရာယဉ်ကျေးမှုအကများဖြင့်ဖျော်ဖြေကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး ဆွာမိဝိဝေကာနန္ဒယဉ်ကျေးမှုစင်တာ (SVCC) မှဒါရိုက်တာက ကျေးဇူးတင်စကားပြောကြားသည်။

အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (ICCR) ကို ၁၉၅၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်စဉ် ဧပြီလ ၉ ရက်တွင် အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (ICCR)ကိုတည်ထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ကျင်းပလေ့ရှိသည်။

အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (ICCR) ကို အိန္ဒိယနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုများ ခိုင်မာစေရန်၊ ကမ္ဘာတစ်ဝန်းတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများကို မြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ်သည် ICCR ၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ပဲခူးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဧပြီ ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်အောင်က တိုင်းဒေသကြီးအတွင်း စားသုံးသူဆီဖြန့်ဖြူးမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်က စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချစေရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင် ၆ ခရိုင်မှ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြကြောင်းသိရသည်။

**(၄၁၀)**

# ၉-၄-၂၀၂၆ ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၄ ~ ၃၆၆၈ | ၅၅၈.၂ ~ ၅၅၈.၄ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၁၇,၆၁၆.၀၉ | ၂၈,၄၀၈,၀၈၂.၃၈ | ၃၆,၀၈၆,၃၃၀.၀၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၂,၃၉၅,၀၄၀.၀၁ | |

- ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ပိုးသတ်ဆေး၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စက်သုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း၊ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၃၆ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ စားသောက်ကုန်ကဏ္ဍ၊ လယ်ယာသုံးပစ္စည်းကဏ္ဍနှင့် စက်မှုကုန်ကြမ်းကဏ္ဍတို့သို့ ထိုင်းဘတ် ၂.၄၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေရောင်းချပေးခြင်း




Post Date:

09-04-2026

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက်တွင် စက်သုံးဆီလုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာ ၄၉ သန်းနှင့် စားသုံးဆီလုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာ၈.၁၆သန်းတို့အား ရောင်းချပေးမည်ဖြစ်ပါသည်။

**● ကျောဖုံးမှအဆက်**

ရောဂါဝေဒနာခံစားခဲ့ရသည့် လူနာများ ရောက်ရှိလာပါက လူနာ၏အချက်အလက် မှန်ကန်ရေးနှင့်ကုသမှုအဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

အပူဒဏ်ခံစားခဲ့ရသော လူနာများ ရောက်ရှိလာပါက အရေးပေါ်ကုသမှုပေးနိုင်ရန် အရေးပေါ်ဌာနတွင် လိုအပ်သောဆေးနှင့်ဆေးပစ္စည်း၊ ရေခဲ၊ တဘက်တို့ကို ပြည့်စုံလုံလောက်မှုရှိအောင် ဆောင်ရွက်ထားကြောင်း၊ အရေးပေါ်ကုသမှုပြီးလျှင် medical observation တွင် အဲကွန်းတပ်ဆင်ထားသော Heat Stroke Corner သီးသန့်ခန်း၌ ခုတင်နှင့်လိုအပ်သောဆေးပစ္စည်းများ ပြည့်စုံအောင် စုစည်းထားကြောင်း၊ Heat Stroke Corner တွင် လူနာများသက်သာလာပါက ဖျားနာကုသဆောင်တွင် ဆေးကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသည့်ရောဂါများသည် ပူပြင်းသည့်ကာလများဖြစ်သည့် ဧပြီလနှင့်မေလတို့တွင် အများဆုံးဖြစ်ပွားတတ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန်အချက်များကို လိုက်နာကြရန်နှင့် ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာဆေးရုံများရှိ အရေးပေါ်ဌာနသို့ အချိန်မီလာရောက်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**■ မြစ်သားမြို့နယ်မှ**

၃ ပေ၊ ၄ ပေအကျယ် မြေပေါင်များပြုလုပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စနစ်တကျစိုက်ပျိုးရကြောင်း၊ ထိုသို့စိုက်ပျိုးသဖြင့်မျိုးစေ့ကုန်ကျမှုသက်သာပြီး ရေသွင်း၊ ရေထုတ်လွယ်ကူသဖြင့် အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေနှမ်းကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးခြင်းထက် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်းက အထွက်နှုန်းပိုမိုရရှိပြီး များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးရာတွင် သီးနှံစိုက်ပျိုးချိန်သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးခေါင်ခြင်း၊ မိုးများခြင်း စသည့်အခြေအနေများတွင် ရေသွင်း၊ ရေထုတ်လွယ်ကူစေခြင်း၊ အပင်ဝင်ဆံ့မှုအရေအတွက်မှန်ကန်ခြင်းနှင့် အပင်ပြုစုစောင့်ရှောက်မှုလွယ်ကူခြင်း စသည့်ကောင်းကျိုးများစွာရရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၆˚c |
| ရန်ကုန် | ၂၄˚c | / | ၃၈˚c |
| မန္တလေး | ၂၄˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၉-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# အိမ်တွင်လုပ်ဆောင်နိုင်သည့်ကျန်းမာရေးစစ်ဆေးမှုများ

ဒေါက်တာလွင်သန့်

အိမ်တွင် မိမိကိုယ်တိုင်ပြုလုပ်နိုင်သည့် ကျန်းမာရေးစစ်ဆေးမှုများသည် ဆေးရုံဆေးခန်းသွားရန် အချိန်မပေးနိုင်သူများအတွက် အထူးအဆင်ပြေသောနည်းလမ်းများဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် သွေးပေါင်ချိန်တိုင်းခြင်း၊ သွေးတွင်းသကြားဓာတ်စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်နှင့်ဘီအမ်အိုင်(BMI)တိုင်းတာခြင်းတို့သည် အဓိကဖြစ်သည်။

အိမ်တွင်ပြုလုပ်နိုင်သော အဓိကကျန်းမာရေးစစ်ဆေးမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

**"ဝါဂွမ်းတံတစ်ခုကို အပြာရောင်ဆိုးဆေးဖြင့်ဆွတ်၍ လျှာပေါ်သုတ်ကြည့်ပြီး လျှာဖုများမှ အပြာရောင်အစက်များကို ရေတွက်ကြည့်သင့်သည်။ အပြာရောင်အစက် ၂၀ သို့မဟုတ် ထိုထက်များလျှင် မိမိတွင် အရသာခံနိုင်စွမ်းကောင်းမွန်သည်ဟုဆိုနိုင်သည် သို့မဟုတ် Super tester ဟုခေါ်သည့် အရသာအာရုံထက်မြက်သူဖြစ်နိုင်သည်။ သို့သော် ယင်းက အန္တရာယ်ရှိသည့်ကင်ဆာအမျိုးအစားတချို့ ဖြစ်နိုင်ခြေပိုများစေသဖြင့် အတိအကျကောင်းသည့်ကိစ္စဟု မဆိုလိုနိုင်ပါ . . ."**

**သွေးပေါင်ချိန်တိုင်းခြင်း**

သွေးပေါင်ချိန်စက်ဖြင့် သွေးတိုးခြင်းနှင့် သွေးကျခြင်းကို နေ့စဉ် စစ်ဆေးနိုင်သည်။ ထို့ကြောင့် အိမ်တိုင်းတွင် ကိုယ်ပိုင်ဒစ်ဂျစ်တယ်သွေးပေါင်ချိန်စက် ဆောင်ထားသင့်သည်။

**သွေးတွင်းသကြားဓာတ်စစ်ဆေးခြင်း**

ဆီးချိုရောဂါရှိသူများအတွက် အိမ်သုံးဂလူကိုမီတာဖြင့်စစ်ဆေးကာ ဆီးချိုအတက်၊ အကျကို သိရှိနိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်နှင့် ဘီအမ်အိုင်တွက်ချက်ခြင်း**

ဘီအမ်အိုင်ဆိုသည်မှာ ကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်အမြင့်မီတာ(နှစ်ထပ်ကိန်း)ဖြင့်စား၍ရသည့်ရလဒ်ဖြစ်သည်။ လူတိုင်း သာမန်ဘီအမ်အိုင် ၁၈ ဒသမ ၉ မှ ၂၄ ဒသမ ၉ ရှိသင့်ပြီး ကိုယ်အလေးချိန် အတိုး၊ အလျော့ကို စောင့်ကြည့်သင့်သည်။

**သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်း**

ကိုယ်တိုင်နမူနာယူပြီး ဓာတ်ခွဲခန်းသို့ပို့ကာ သားအိမ်ခေါင်းကင်ဆာ (HPV) စစ်ဆေးနိုင်သည့်နည်းလမ်းအသုံးပြုနိုင်သည်။ HPV ကင်းရှင်းလျှင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားသင့်သည်။

**အိမ်တိုင်ရာရောက်နှလုံးစစ်ဆေးခြင်း**

နှလုံးပုံမှန်ဟုတ်၊ မဟုတ် စစ်ဆေးရန် ECG နှလုံးစစ်ဆေးခြင်းဝန်ဆောင်မှုကို အိမ်တိုင်ရာရောက်ပြုလုပ်နိုင်သည်။

**စိတ်ကျန်းမာရေးစစ်ဆေးခြင်း**

အိမ်တွင်းအလုပ်လုပ်ခြင်းကြောင့်ဖြစ်ပေါ်လာသောစိတ်ဖိစီးမှုများကို ကိုယ်တိုင်ဆန်းစစ်သင့်သည်။

ယခုရေးသားသည့်ကိုယ်တိုင်စစ်ဆေးမှုများမှာ အတိအကျပြောနိုင်သည်မဟုတ်သော်လည်း မိမိ၏အထွေထွေကျန်းမာရေးအခြေအနေကို ယေဘုယျသိရှိနိုင်သည်။

**ရေဓာတ်များခြင်း**

မိမိ၏လက်မကိုသုံးပြီး ခြေထောက်တွင် သုံးလေးနေရာဖိလိုက်ပါ။ လက်မကိုဖယ်လိုက်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် အဆိုပါနေရာ၌ ဖြူခြင်း၊ မည်းခြင်း၊ အထူးသဖြင့် ခြေဖဝါးနှင့် ခြေချင်းဝတ်များ အနည်းငယ်ဖောနေသည်ဆိုလျှင် ခန္ဓာကိုယ်တွင် ရေဓာတ်များနေသည်။ ယင်းကိုကုသရန် အကောင်းဆုံးနည်းလမ်းက ဆိုဒီယမ်ဆားစားသုံးမှုကို တိုးမြှင့်ပေးရန်ဖြစ်သည်။ ထိုသို့ပြုလုပ်လျှင် ခန္ဓာကိုယ်ထဲမှ ပိုလျှံနေသည့်ရေဓာတ်များကို စွန့်ထုတ်ရန် အထောက်အကူဖြစ်စေသည်။

**အစာအိမ်ကျန်းမာခြင်း**

ရေတစ်ဖန်ခွက်ထဲသို့ ဆိုဒီယမ်ဘိုင်ကာဗွန်နိတ် စားပွဲတင်ဇွန်းတစ်ဇွန်းထည့်မွှေပေးပြီး အဆိုပါရေကိုသောက်၍ ချက်ချင်းလေတက်လာသော် ယင်းသည် ကောင်းသောလက္ခဏာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ အစာအိမ်အတွင်းမှ အက်စစ်ဓာတ်ပုံမှန်ရှိနေသည်ဟုဆိုလိုသည်။ လေချဉ်မတက်လျှင် အစာအိမ်၏အက်စစ်ဓာတ်ပမာဏနည်းသောကြောင့် ခန္ဓာကိုယ်မှ လိုအပ်သည့်အာဟာရဓာတ်များ စုပ်ယူမှုမကောင်းခြင်းဖြစ်နိုင်သည်။

**မျက်လုံးအောက်နှင့်အထက်မှ အရေပြားကို စစ်ဆေးကြည့်ခြင်း**

မျက်လုံးအောက်နှင့်အထက်မှ အရေပြားကို စစ်ဆေးကြည့်သင့်သည်။ အဝါရောင်အဖုများက အဆီများစုပုံနေခြင်းဖြစ်ပြီး ကိုလက်စထရောအဆင့်များနေခြင်းကိုဆိုလိုသည်။

**မနက်အိပ်ရာနိုးသည်နှင့် တံတွေးထွေးကြည့်ခြင်း**

တံတွေးအစက်များမှ အဖြူရောင်အမျှင်များထွက်လာခြင်း သို့မဟုတ် မီးခိုးရောင်ပြောင်းသွားခြင်းသည် ခန္ဓာကိုယ်အတွင်းတွင် ကန်ဒီဒါဟုသည့် တဆေးပိုးဝင်နေခြင်းဖြစ်နိုင်သည်။ ယင်းသည် ပုံမှန်အားဖြင့် ကိုယ်ခံအားစနစ် သို့မဟုတ် အစာခြေစနစ်အားနည်းနေခြင်းကြောင့်ဖြစ်တတ်ပြီး ပင်ပန်းနွမ်းနယ်မှု၊ ဓာတ်မတည့်မှုနှင့် တခြားကျန်းမာရေးပြဿနာများကိုဖြစ်စေနိုင်သည်။ ကန်ဒီဒါပိုးတွေ့ရှိလျှင် အာဟာရဗေဒပညာရှင်နှင့် ပြသသင့်သည်။

ဝါဂွမ်းတံတစ်ခုကို အပြာရောင်ဆိုးဆေးဖြင့်ဆွတ်၍ လျှာပေါ်သုတ်ကြည့်ပြီး လျှာဖုများမှ အပြာရောင်အစက်များကို ရေတွက်ကြည့်သင့်သည်။ အပြာရောင်အစက် ၂၀ သို့မဟုတ် ထိုထက်များလျှင် မိမိတွင် အရသာခံနိုင်စွမ်းကောင်းမွန်သည်ဟုဆိုနိုင်သည် သို့မဟုတ် Super tester ဟုခေါ်သည့် အရသာအာရုံထက်မြက်သူဖြစ်နိုင်သည်။ သို့သော် ယင်းက အန္တရာယ်ရှိသည့်ကင်ဆာအမျိုးအစားတချို့ ဖြစ်နိုင်ခြေပိုများစေသဖြင့် အတိအကျကောင်းသည့်ကိစ္စဟု မဆိုလိုနိုင်ပါ။ ပန်းဂေါ်ဖီစိမ်း၊ မုန်လာရွက်စသည့်ဟင်းသီးဟင်းရွက်များက အရသာပြင်းထန်လွန်းခြင်းကြောင့် Super tester များအတွက် စားသုံးရန်ခက်ခဲနိုင်သည်။ အဆိုပါ ဟင်းသီးဟင်းရွက်များ၏ ခါးသက်သည့်အရသာကိုလျော့နည်းစေရန် အာလူး သို့မဟုတ် ဆန်နှင့်တွဲဖက်စားပေးသင့်သည်။

**တင်ပါးဆုံကြွက်သား**

ထိုင်နေစဉ် တင်ပါးဆုံကြွက်သား (ဆီးကိုချုပ်ထားရာ၌သုံးရသည့်ကြွက်သား)ကိုညှစ်ပြီး ၁၀ စက္ကန့်မျှထိန်းထားသင့်သည်။ ပြီးနောက် ပြန်ဖြေလျှော့သင့်သည်။ အတတ်နိုင်ဆုံး အကြိမ်များများပြုလုပ်သင့်သည်။ ထိုသို့ ၁၆ ကြိမ်အထက် ပိုလုပ်နိုင်လျှင်ကောင်းသည်။ မလုပ်နိုင်လျှင် တင်ပါးဆုံကြွက်သားကျန်းမာရေးမကောင်းခြင်းကိုဆိုလိုပြီး ဆီးအိမ်ထိန်းနိုင်စွမ်းနည်းခြင်းတို့ပါဖြစ်စေနိုင်သည်။

ယင်းကိုကုသရန် အကောင်းဆုံးနည်းလမ်းက တင်ပါးကိုညှစ်ပြီး တင်ပါးဆုံကြွက်သားကို ဆွဲတင်သင့်သည်။ ဝမ်းဗိုက်အတွင်းဘက်သို့ ကွေးသွားသည်အထိ ခံစားရမည်ဖြစ်သည်။ ထိုအနေအထားကို စက္ကန့်အနည်းငယ်ထိန်းထားပြီးမှ ဖြေလျှော့သင့်သည်။ အဆိုပါလေ့ကျင့်ခန်းကို တစ်နေ့လျှင် ခြောက်ကြိမ်ပြုလုပ်ပေးသင့်သည်။

**အဆုတ်၏လုပ်ဆောင်ချက်**

ဖယောင်းတိုင်တစ်တိုင်ကို မီးညှိပြီး ၃၀ စင်တီမီတာအကွာတွင် ရပ်သင့်သည်။ အသက်ကို ပြင်းပြင်းရှူပြီး ဖယောင်းတိုင်မီးကိုမှုတ်ပါ။ မီးမငြိမ်းလျှင် အထူးသဖြင့် ညဘက်ချောင်းဆိုးသကဲ့သို့ လက္ခဏာများခံစားရလျှင် ပန်းနာရင်ကျပ်ရောဂါရှိနိုင်သည်။ အဆိုပါလက္ခဏာများမရှိပါက အဆုတ်၏ ဆန့်နိုင်ဝင်နိုင်ညွှန်းကိန်း (Elasticity)မကောင်းခြင်းဖြစ်ကာ အထွေထွေကျန်းမာရေးမြှင့်တင်ရန် လိုအပ်နေသည်ဟုဆိုလိုသည်။

**သံဓာတ်ချို့တဲ့ခြင်း**

လက်ဖဝါးများကို အပေါ်ဘက်မျက်နှာမူထားသည့်အနေအထားသို့ ဆန့်တန်းသင့်သည်။ လက်ချောင်းများကို အနောက်ဘက်သို့ တွန်းပြီးဆန့်သင့်သည်။ ထိုအခါ ခြေဖဝါးများ ဖြူဖျော့သွားတတ်သော်လည်း လက်ဖဝါးပေါ်မှ မျဉ်းကြောင်းများပါ ဖြူသွားခြင်း ရှိ၊ မရှိ စစ်ဆေးသင့်သည်။ ဖြူသွားလျှင် ခန္ဓာကိုယ်ထဲမှ သံဓာတ်ချို့တဲ့သောကြောင့် သွေးအားနည်းရောဂါဖြစ်နိုင်သည်။ ယင်းကို သွေးစစ်ဆေးမှုဖြင့် အတိအကျသိနိုင်သည်။ သွေးအားနည်းရောဂါခံစားနေရလျှင် အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များနှင့် အနီရောင်အသားများ ပို၍စားသုံးသင့်သည်။

**စိတ်ဖိစီးမှုများ**

အလုပ်လုပ်နေစဉ် စိတ်ဖိစီးမှုပုံစံအမျိုးမျိုးဖြစ်နေတတ်သည်။ တစ်နေ့ ၂၄ နာရီတွင် ခုနစ်နာရီသည် အလုပ်အတွက်ဖိအားများနေတတ်သည်။ ထို့ကြောင့် စိတ်ဖိစီးမှုလျှော့ချရန် စိတ်တည်ငြိမ်စေသောယောဂကျင့်ခြင်း၊ တရားထိုင်ခြင်းပြုလုပ်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

---

# တိုက်ကြီးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ အပူချိန်မြင့်မားမှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ လျော့နည်းစေရန်ရည်ရွယ်၍ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီလ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က အပူဒဏ်အန္တရာယ်နှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

---

# မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ရေဆေးပန်းချီပြိုင်ပွဲကျင်းပ

မြစ်သား ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ရေဆေးပန်းချီပြိုင်ပွဲကို ဧပြီလ ၈ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ရေဆေးပန်းချီပြိုင်ပွဲအား လူငယ်များ အနုပညာကို စိတ်ပါဝင်စားလာစေရန်၊ ပင်ကိုစိတ်ကူးစိတ်သန်းများမြင့်မားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ ဒိုင်များက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေဆေးပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ရွှေကျင် ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီလ ၁၃ ရက်မှ ၁၆ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေကျင်မြို့နယ်၌ ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ ဖွင့်ပွဲပြုလုပ်ဆောင်ရွက်ခြင်း၊ လမ်းလျှောက်သင်္ကြန်နှင့်ရေကစားမဏ္ဍပ်များဆောင်ရွက်ခြင်း၊ စတုဒိသာများကျွေးမွေးဧည့်ခံခြင်း၊ ပိတ်ပွဲပြုလုပ်ဆောင်ရွက်ခြင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးဘိုးဘွားပူဇော်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖျော်ဖြေရေးမဏ္ဍပ်ကို ရွှေကျင်မြို့နယ် ညဈေးလမ်း လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ဆောက်လုပ်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်၊ ယိမ်းအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတများဖြင့်အလှည့်ကျဖျော်ဖြေဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးယိမ်းအဖွဲ့လုပျိုဖြူများက ယိမ်းအကများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

## နွေရာသီအခြေခံ အားကစားသင်တန်း ဆင်းပွဲကျင်းပ

မော်လမြိုင်ကျွန်း ဧပြီ ၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ရှိ အားကစားခန်းမ၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို ဧပြီလ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဂျူဒို၊ ကရာတေး၊ ဘောလုံးနှင့် လက်ဝှေ့ သင်တန်းသားများသရုပ်ပြသပြီး စားပွဲတင် တင်းနစ်ပြိုင်ပွဲများပြုလုပ်ကြသည်။ ထို့နောက်ထူးချွန်သောသင်တန်းသားများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

နွေရာသီအခြေခံ အားကစားသင်တန်းတွင် ဘောလုံး၊ လက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ ကရာတေး၊ ပြေးခုန်ပစ်တို့ပါဝင်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၈၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)



## ပန်းတောင်းမြို့၌ စဉ့်မြေအိုးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

ပဲခူး ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ဖောင်းကန်ရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ ဧပြီလ ၈ ရက် မွန်းလွဲပိုင်းတွင် စဉ့်မြေအိုးလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ရေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက သင်တန်းသူ၊ သင်တန်းသားများအတွက်သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ပြီး စာတွေ့လက်တွေ့၁၄ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(၄၁၀)

## ကျိုက်ထိုမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

ကျိုက်ထို ဧပြီ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဧပြီလ ၉ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးရှေ့၌ ဆောင်ရွက်သည်။

အဆိုပါလက်ကမ်းစာစောင်တွင် အပူဒဏ်ကြိုတင်ကာကွယ်ရေး နည်းလမ်းများအဖြစ် လိုက်နာရမည့်အချက်များမှာ အရိပ်ရ၍ အေးမြသောနေရာတွင်နေရန်၊ နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန်၊ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ဦးထုပ်၊ နေကာမျက်မှန်တပ်ဆင်ရန်နှင့် ရှောင်ကြဉ်ရမည့်အချက်များမှာ နံနက်၁၀ နာရီမှညနေ၄နာရီထိ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းမပြုရန်၊ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမပြုရန်နှင့် ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း မပြုကြရန် စသည့်အကြောင်းအရာများ ပါဝင်သည်။

လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦး၊ ကျိုက်ထိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှမြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်မောင်အိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်းသိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## သင်္ကြန်ကာလ အလှူဒါန

✤ နှစ်သစ်ကို အကြိုထောက်
ပျိုပိတောက်တို့ အားမာန်ချီ။
ဖူးပွင့်ရန် ဝသန်မိုး
မျှော်ကိုးနေသည်။
ရိုးတံရွက်က စုတ်ချက်ပန်းချီ
ကဟန်ညီ ယိမ်းတစ်သိုက်။
အပူမဖြာ လေနုလေးက
အေးမြလို့တိုက်။

✤ နွေအကုန် မိုးတစ်ဖြိုက်
ဖြိုးရွာလိုက်လို့ ပွင့်ခက်ဝေ။
ပင်ယံဝယ် ဝင်းဝါအဆင်းနဲ့
သင်းပျံ့ကြိုင်နေ။
လတန်ခူးရဲ့ အတာရေ
ရွှဲစိုစေ အေးမြမြ။
စည်တိုသံ တူးပို့မြူးတော့
ကြည်နူးရွှင်ပျ။

✤ ရိုးရာအမွေ အခါသမယ
လှူဒါန်းကြ တောမြို့ရွာ။
မြန်မာမှန် သဒ္ဓါတရားနှင့်
စိတ်ထားဖြူစွာ။
မဏ္ဍပ်တိုင်းလည်း စတုဒိသာ
ရှုမြင်ရာ ဘဝင်နှလုံး။
ကုသိုလ်တွေ ပေါင်းကာစု၍
ပြုဆောင်လို့ပြုံး။


✤ ဘုရားကျောင်းကန် သီလကုံးကိုဖြင့်
ပန်ဆင်ထုံးဖွဲ့ စိတ်ကြည်လင်။
ဥပုသ်ယူ ဘာဝနာပွားလို့
တရားရေစင်။
ဆရာမိဘ ကျေးဇူးရှင်
မြတ်ဂုဏ်အင် အလေးထား။
လက်ဆယ်ဖြာ ဦးခိုက်မိုး၍
ရှိခိုးဝပ်တွား။ ။

အောင်ပန်းသူ

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၁၀-၄-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသား စကား ပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည် ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ



မုံရွာ မေ ၉

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက်ဝန်ကြီးချုပ်အဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသူက ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဌာနခုနစ်ခုတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် စုစုပေါင်း တိုင်းဒေသကြီးဝန်ကြီးခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက်နိုင်ငံတော်သမ္မတရုံးမှပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များဆောင်ရွက်မည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးစိန်ဖေနှင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးငွန်ဘွလ်ထန်တို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူကပေးပို့လာသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်မြေ(၂) အပါအဝင် အလုပ်အမှုဆောင်ကော်မတီဝင်ငါးဦးဖွဲ့စည်းထားရှိမှုကို လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်အောင်မြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန် ပွဲတော်နှင့်လမ်းလျှောက်သင်္ကြန်ကျင်းပမည်

မြန်အောင် မေ ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့၌ မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်နှင့်လမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် မြန်အောင်ခရိုင်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က မြန်အောင်မြို့ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်နှင့်လမ်းလျှောက်သင်္ကြန်ကျင်းပရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်ကြရန်ပြောကြားသည်။

ဆက်လက်၍ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးတင်အောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီကျင်းပနိုင်ရေး ဦးစီးကော်မတီများ၊ လုပ်ငန်းကော်မတီများက ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်အောင်မြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၏ ဆွေးနွေးချက်များကို မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

စစ်တွေ မေ ၉

တတိယအကြိမ်ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင်ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦးက ရခိုင်ပြည်နယ်လွှတ်တော်၌ ဖွဲ့စည်းရန်လျာထားသည့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတို့တွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက အဆိုပါကော်မတီများတွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းကို မေလ ၉ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


# စားအုန်းဆီဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီများ၊ လက်လီလက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ လက်လီလက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက်ရှိ Excel River View Hotel ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးမိုးက အမှာစကားပြောကြားပြီး သန်လျင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအောင်စိုးမိုးက စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ကိုယ်စားလှယ်များအနေဖြင့် စားအုန်းဆီဝယ်ယူစားသုံးသည့်ပြည်သူများအား သတ်မှတ်ဈေးနှုန်း၊ အလေးချိန်များမှန်ကန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် တချို့သောကိုယ်စားလှယ်များသည် သတ်မှတ်စည်းကမ်းချက်များအား လိုက်နာမှုပျက်ကွက်ခဲ့သဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ အသိပညာပေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ရကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဇော်ကိုကိုက စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးပေးနေမှုများနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး စားအုန်းဆီတင်သွင်းဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက စားအုန်းဆီတင်သွင်းဖြန့်ဖြူးပေးနေမှုများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးမိုးက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

**အောင်ကျော်မိုး**

# နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဘဝနတ်ထံ ပျံလွန်တော်မူ



နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိ(၇၉) နှစ်၊ (၅၉ ဝါ)မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၂၆ ) (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ ၁၉ မိနစ်တွင် ဇေယျာသီရိမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) ၌ ဇဖ ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **မြဝတီ**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိမဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ခမည်းတော် ဦးပေါ်အေး+ မယ်တော် ဒေါ်ဖွားရှင်တို့က ၁၃၀၉ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၆)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၈ ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရွာရှည်ရွာ၊ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မဟာထေရ်အား ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်နှင့်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၂၈ ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်နေ့တွင် မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်ကျောင်းတိုက် ခဏ္ဍာသိမ်၌ သဲတောမြို့၊ ကိုးတောင်ပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်အား ဥပဇ္ဈာယ်ပြုတော်မူလျက် တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်နေ ရဟန်းဒါယကာ ဦးလှဝင်း+ ရဟန်းဒါယိကာမ ဒေါ်လှဝင်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရွာရှည်ရွာ၊ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ပညာဝံသ၊ မိတ္ထီလာမြို့၊ အသောကာရုံ ရေလည်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝတ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တနာယကာဘိဝံသ အစရှိသော မစိုးရိမ်နာယက ဆရာတော်များ၊ မစိုးရိမ်တိုက်ကြီးမှ စာချနာယကဆရာတော်များ၊ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်အစရှိသော ဆရာတော်များထံ၌ စာပေသင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ဒုတိယအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ် မြို့နယ်သံဃနာယက အကျိုးဆောင်၊ စတုတ္ထအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပဉ္စမအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များ၊ နေပြည်တော် ဓာတုစယဓာတ်ပေါင်းစု စေတီတော်တည်ထားရာ၌ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သတ္တသတ္တာဟ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပျဉ်းမနားမြို့၊ သမိုင်းဝင် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးနှင့် ဘုရားကိုးဆူ စေတီတော်မြတ်ကြီးတို့၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်းဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော်၊ ပျဉ်းမနားမြို့၌ ဓမ္မာစရိယ စာဖြေဌာနနှင့် နိကာယ်စာဖြေဌာနများ ဖြစ်ပေါ်လာအောင် တာဝန်ယူဆောင်ရွက်တော်မူခဲ့ပြီး စာမေးပွဲဆိုင်ရာကိစ္စများ၌ နိကာယ်စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် ယဉ်ကျေးမှုစာမေးပွဲများ၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသန မုရာဝဟဂုဏ်၊ ပရိယတ္တိဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါအရ **၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၂၆) ကြာသပတေးနေ့၊ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။**

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်သည့်အပြန်အလှန်အတည်ပြုလွှာ Exchange of Letters လဲလှယ်သည့် အခမ်းအနားကျင်းပ




နေပြည်တော် ဧပြီ ၉

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့်ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာ Exchange of Letters လဲလှယ်သည့် အခမ်းအနားကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H .E .Mr. Kirit Vardhan Singh တို့က အမှာစကားပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်သွင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Sh. Abhay Thakur တို့က မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာအား သက်တမ်းတိုးမြှင့်သည့် အပြန်အလှန်အတည်ပြုလွှာကို လဲလှယ်ကြသည်။

မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ အစားအသောက်နှင့် ဖြန့်ဖြူးရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် မတ်ပဲနှင့်ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ငါးနှစ်သက်တမ်းတိုးမြှင့်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံ တန်ချိန် ၁ သိန်း နှစ်စဉ်တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိတောင်သူလယ်သမားများ၊ ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့်လည်း ၎င်းတို့၏စိုက်ပျိုးထုတ်လုပ်တင်ပို့မှုများအတွက် ယုံကြည်စိတ်ချရမှုကို မြင့်တက်စေမည်ဖြစ်သည်။ ထို့ပြင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြားရှိထားပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုတို့ ပိုမိုခိုင်မာလာစေသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းစသစ်များကို ဖော်ဆောင်ပေးနိုင်သော ဆွေးနွေးမှုများနှင့် ကောင်းမွန်သောရလဒ်များရရှိခဲ့ကြောင်းသိရသည်။

အခမ်းအနားအပြီးတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဘက်မှ ပြည်ပရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**ရန်ကုန် ဧပြီ ၉**

တတိယအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးငွေးအောင်က တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်၏ သက်ဆိုင်ရာကော်မတီအသီးသီးတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းတို့ကို လွှတ်တော်သို့တင်ပြ၍ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ချက်တို့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရေးရာကော်မတီ(၁၀)ရပ်ကိုဖွဲ့စည်းခဲ့ပြီး လွှတ်တော်၏အတည်ပြုချက်ကို ရယူခဲ့ကြသည်။

တတိယအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့အဖြစ် ဧပြီလ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ဝန်းရံခ

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**ပဲခူး ဧပြီ ၉**

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ကျင်းပသည်။



အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက တိုင်းဒေသကြီးလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးတွင် ၇၅ ဦးတက်ရောက်ခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၈ ရာခိုင်နှုန်းရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ငွေးက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းတို့နှင့် တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်သို့အဆိုပြုတင်ပြကာ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုကြောင်း ကြေညာခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးသတ္တမနေ့ကို ဧပြီလ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**ပုသိမ် ဧပြီ ၉**

တတိယအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ရေးရာကော်မတီခြောက်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ကော်မတီတစ်ရပ်ချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များကို လွှတ်တော်ကသဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါအတိုင်း ရေးရာကော်မတီခြောက်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာသည်။

ထို့နောက် ဖွဲ့စည်းအတည်ပြုပြီးသော ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့တွင် သက်ဆိုင်ရာကော်မတီအလိုက် လစ်လပ်လျက်ရှိသည့် ကော်မတီအဖွဲ့ဝင်နှစ်နေရာနှင့် အတွင်းရေးမှူးတစ်နေရာတို့၏ အမည်စာရင်းများကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ကြေညာခဲ့ရာ လွှတ်တော်ကသဘောတူသဖြင့် လျာထားချက်ပါအတိုင်း အစားထိုးဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာခဲ့ပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကိုရပ်နားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**ထားဝယ် ဧပြီ ၉**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးရှိသည့်အနက် ၂၈ ဦးစလုံးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအပြည့်ဖြစ်သဖြင့် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်ပြည်သူများ၏ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်သဘာဝပတ်ဝန်းကျင်ရေးရာကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေ လေ့လာသုံးသပ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီနှင့် အဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

ထို့နောက် တတိယအကြိမ်တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဧပြီလ ၁၀ ရက် နံနက်၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၉**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဆက်လက်ကျင်းပ



မြစ်ကြီးနား ဧပြီ ၉

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အစည်းအဝေး ပဉ္စမနေ့တွင် အဆိုပြုလာသည့် ဒေါ်အေးအေးမော်အား ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အစည်းအဝေးပဉ္စမနေ့တွင် အဆိုပြုတင်သွင်းလာသည့် ဝန်ကြီးဌာန ခုနစ်ခု၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးကျော်သူရ၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချန်တန်ခင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာအောင်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေတို့အားခန့်အပ်တာဝန်ပေးရန်လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ခဲ့ကြသည်။

ထို့အတူ ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းလာသည့် ကချင်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နန်းလှလှအေး၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရန်နှင့် ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးများအဖြစ် အဆိုပြုတင်သွင်းထားသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့အား ခန့်အပ်တာဝန်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ကြောင်း သိရသည်။

ဥဿာတိုင်းသား

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



ဟားခါး ဧပြီ ၉

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ဌာနတွင် ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုသည့်ဝန်ကြီးများနှင့်စပ်လျဉ်း၍ ဟားခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဆန်အုပ်မန်း ၊ တွန်းဇံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဇမ်းရှင်းဒါလ်၊ ဖလမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဝမ်းလျန်းထန်နှင့် မင်းတပ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးထန်ရှင်းထောင်းတို့က ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုထားသော လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးခင်မောင်ထွေး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလျန်ဇခုပ်၊ လူမှုရေးရာဝန်ကြီးဌာနဝန်ကြီး ဦးစိန်ထွန်းလှ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးနေလင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးပေါင်ဇလန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းဇော်ဦး၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်ငွေးတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြကာ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကျင်းပ

တောင်ကြီး ဧပြီ ၉

တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထိန်စိုးက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာကိစ္စများဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့်ဦးကိန်မိုင် (ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်အေးချိုစိန် (ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်ခင်ထွေးအောင် (ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဦးဝီလ်ဆင်မိုး (လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်ငွေလှိုင် (လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး)၊ ဦးထွန်းအောင် (အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)၊ ဒေါ်တင်တင်ရီ (အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)တို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး လွှတ်တော်ကမှတ်တမ်းတင်ခြင်းဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်ပါ အဖွဲ့ဝင်ငါးဦး၏ အမည်စာရင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းပါအဖွဲ့ဝင်ငါးဦး၏ အမည်စာရင်းတို့ကို လွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ကိုရယူသည်။

ယင်းနောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးသတ္တမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသတ္တမနေ့ကျင်းပ

မော်လမြိုင် ဧပြီ ၉

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ်ခန့်အပ်တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်များ၏အမည်စာရင်းကိုကြေညာပြီး ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မင်းအောင်ထူးက လွှတ်တော်သို့ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က အတည်ပြုကြောင်းသိရသည်။

စည်သူ၊(၄၀၆)



# မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်

၁။ မိုးကြိုးဘေးအန္တရာယ်သည် မိုးကြိုကာလ(ဧပြီလ၊ မေလ)နှင့် မိုးနှောင်းကာလ(အောက်တိုဘာလနှင့် နိုဝင်ဘာလ)တို့တွင် အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မိုးကြိုကာလ အနောက်တောင်မုတ်သုံလေလှုပ်ရှားသည့် အချိန်တွင် မိုးကြိုးလျှပ်စီးကိုဖြစ်ပေါ်စေသည့် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့် မိုးကြိုးအန္တရာယ်ကို သတိပြုကြရမည်ဖြစ်သကဲ့သို့ အနောက်တောင်မုတ်သုံလေပြန်လည်ဆုတ်ခွာသည့် မိုးနှောင်းကာလများတွင်လည်း မိုးကြိုးအန္တရာယ်မြင့်မားလာခြင်းကို သတိပြုကြရမည်ဖြစ်သည်။ မိုးကြိုးဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှုအလွန်နည်းပါးသော်လည်း လူနှင့်တိရစ္ဆာန်သေဆုံးမှု၊ ဒဏ်ရာရရှိမှုများပြားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ တစ်နေ့တာအတွင်း မိုးကြိုးပစ်မှုအများဆုံးဖြစ်ပွားသည့်အချိန်သည် မွန်းတည့် ၁၂ နာရီမှ ည ၆ နာရီအတွင်းဖြစ်သည်ဟုဆိုရာ မိုးကြိုမိုးနှောင်းကာလ မိမိနေထိုင်ရာဒေသအနီး မိုးခြိမ်းခြင်း၊ လျှပ်ပြက်ခြင်းတို့မကြာမကြာဖြစ်ပွားနေပါက မိုးကြိုးအန္တရာယ်မြင့်မားနေပြီဖြစ်သည်။

၂။ မြင့်မားသောအဆောက်အအုံများ၊ သစ်ပင်ကြီးများ၊ ချွန်ထက်နေသော ထိုးထိုးထောင်ထောင်ရှိနေသည့်အဆောက်အအုံစသည်တို့သည် မိုးဥတုအခါများနှင့် မိုးသက်မုန်တိုင်းကျရောက်သောအခါများ၌ မိုးကြိုးပစ်ခံရရန် အခွင့်အလမ်းပို၍များပါသည်။ ယင်းတို့နှင့်နီးကပ်စွာ ရှိနေသောလူ၊ တိရစ္ဆာန်များ၊ ဝတ္ထုပစ္စည်းများသည်လည်း မိုးကြိုးစက်ကွင်းအတွင်း ကျရောက်နေ၍ အန္တရာယ်ကြီးမားလှပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ အကြိမ်ရေနှင့် ပြင်းထန်မှုတို့ မြင့်တက်လာလျက်ရှိရာ မိုးကြိုးဘေးအန္တရာယ်သည်လည်း မြင့်မားလျက်ရှိပါသည်။

၃။ ယခုနောက်ပိုင်းတွင် မိုးကြိုးဘေးသည် ပိုမိုဖြစ်ပွားလာလျက်ရှိသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးကြိုးဘေးကြောင့် သေဆုံးသူ ၁၅ ဦးနှင့်ဒဏ်ရာရရှိသူခြောက်ဦးရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ သေဆုံးသူ ၂၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၃ ဦး ရှိခဲ့ပါသည်။

၄။ ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) နေအိမ်အဆောက်အအုံများတွင် မိုးကြိုးလွှဲတပ်ဆင်အသုံးပြုပါ။

( ခ ) ပြတင်းပေါက်မှန်များအားအလင်းဝင်ရောက်မှုမှ ကာကွယ်ပါ။ (စက္ကူကပ်ခြင်း၊ လိုက်ကာတပ်ဆင်ခြင်း)။

( ဂ ) လျှပ်စစ်မီးဖြတ်သော ပင်မမိန်းခလုတ်များ တပ်ဆင်ပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် မိသားစုဝင်များအား မိုးကြိုးအန္တရာယ်နှင့်ဆောင်ရန်၊ ရှောင်ရန် သတိပေးချက်များအသိပေးထားပါ။

၅။ မိမိတို့ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါက မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနိုင်ပါသည်။ လျှပ်စီးလက်မှုဖြစ်ပွားစဉ်တွင် အိမ်အတွင်း၌ ရှိနေလျှင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လျှပ်စီးလက်မှုဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ ရေချိုးခြင်း မပြုလုပ်ပါနှင့်၊ သတ္တုနှင့် ဆက်စပ်ပစ္စည်းများတွင် လျှပ်စီးဝင်နိုင်သည်ကို သတိပြုပါ။

( ခ ) သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့်ဝေးဝေးနေပါ။

( ဂ ) တယ်လီဖုန်းများအသုံးမပြုပါနှင့်။

(ဃ) အိမ်တွင်းလျှပ်စစ်အသုံးအဆောင်ပစ္စည်းများမှ မီးပလပ်များဖြုတ်ထားပါ။ မီးခလုတ်များပိတ်ထားပါ။

( င ) ပြတင်းပေါက်နှင့် ဝေးရာတွင်နေပါ။

၆။ လျှပ်စီးလက်မှုဖြစ်ပွားစဉ် အိမ်အပြင်တွင် ရှိနေလျှင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန်လိုအပ်ပါသည်-

(က) မိမိနေထိုင်သော နေရာအနီးတစ်ဝိုက်တွင် မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိပါက အိမ်အတွင်း(သို့မဟုတ်)အဆောက်အအုံအတွင်းသို့ဝင်ပါ။

( ခ ) ကွင်းပြင် (သို့မဟုတ်) သစ်တောများထဲသို့ ရောက်ရှိနေပါက သစ်ပင်ငယ်များရှိနေသည့် အနိမ့်ပိုင်းသို့ ဝင်ရောက်ပြီး အကာအကွယ်ယူပါ။

( ဂ ) ဆံပင်များထောင်လာသည်ဟုခံစားရပါက ဒူးပေါ် လက်ယုက်တင်၍ ပုဆစ်တုပ်ထိုင်ပါ၊ ဝမ်းလျားမမှောက်ပါနှင့်။

(ဃ) စက်ဘီး/ ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

( င) ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။

( စ) သွပ်ဆူးကြိုးကာထားသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။

(ဆ) ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။

( ဇ ) လွင်တီးခေါင်ကုန်းပြင်ရှိသစ်ပင်၊ အဆောက်အအုံအနီးတွင် မနေပါနှင့်။

၇။ လျှပ်စီးလက်ခြင်းဖြစ်ပွားပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပါသည်-

(က) မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။

( ခ) မိုးကြိုးပစ်ခံရသော သစ်ပင်များ မီးလောင်ခြင်းမှ နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထားကြည့်ရှုနေထိုင်ပါ။

( ဂ) လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းကို သတိထားရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိထားပါ။

(ဃ) မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံးဆေးအကူအညီရရှိရေး ဆောင်ရွက်ပါ။

( င ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၊ ၀၆၇-၃၄၀၄၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၆၇၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီလ ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၃၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၄-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၃၅ | ၄၉၂၀ | ၄၈၆၀ | ၄၇၅၀ | ၄၉၂၀ | ၄၉၃၅ | ၄၉၈၅ | ၄၈၃၀ | ၄၉၈၅ | ၅၃၀၅ | ၄၈၅၅ | ၅၁၀၅ | ၄၉၅၅ | ၄၉၁၀ | ၄၉၁၀ | ၅၁၂၀ |
| 95 Ron | ၄၉၄၅ | ၅၁၃၅ | ၅၀၇၅ | ၄၉၆၅ | ၅၁၃၅ | ၅၁၄၅ | ၅၂၀၀ | ၅၀၄၅ | ၅၂၀၀ | ၅၅၁၅ | ၅၀၆၅ | ၅၃၂၅ | ၅၁၇၀ | ၅၁၂၅ | ၅၁၂၅ | ၅၃၃၅ |
| HSD (500 ppm) | ၆၄၈၅ | ၆၆၆၅ | ၆၆၀၅ | ၆၅၀၀ | ၆၆၆၅ | ၆၆၇၅ | ၆၇၂၅ | ၆၅၈၀ | - | ၇၀၃၀ | ၆၆၀၀ | ၇၄၅၀ | ၆၇၀၀ | ၆၆၅၅ | ၆၆၅၅ | ၆၈၆၀ |
| HSD (50 ppm) | ၇၇၁၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | ၈၀၀၅ | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |
| HSD (10 ppm) | ၇၇၁၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | - | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၉၂ | ၄၆၁၆ |
| 95 Ron | ၄၆၉၉ | ၄၈၂၇ |
| HSD (500 ppm) | ၆၂၀၉ | ၆၃၆၃ |
| HSD (50 ppm) | ၇၄၁၇ | ၇၅၉၆ |
| HSD (10 ppm) | ၇၄၁၇ | ၇၅၉၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**








# နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၉

ဧပြီလ ၁၀ ရက်**(ယနေ့)**တွင် ကျင်းပမည့် နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့ တက်ရောက်မည့် ပြည်ပနိုင်ငံအစိုးရ ကိုယ်စားလှယ်များသည် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ယနေ့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ ယင်းကိုယ်စားလှယ်များကို နေပြည်တော်တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

မြဝတီ

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ဇလွန် | ၄၀.၅˚C |
| ချောက် | ၄၀.၂˚C |
| အောင်လံ | ၄၀.၂˚C |
| ညောင်လေးပင် | ၄၀˚C |
| မြင်းမူ | ၃၉.၈˚C |
| တောင်ငူ | ၃၉.၅˚C |
| ကြို့ပင်ကောက် | ၃၉.၅˚C |
| မင်းဘူး | ၃၉.၅˚C |
| တောင်တွင်းကြီး | ၃၉.၅˚C |
| ခေါင်းတူ | ၃၉.၄˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မိုင်းဆတ် | (၀.၆၇)လက်မ |
| မိုးကောင်း | (၀.၂၈)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၀.၂၀)လက်မ |
| ခန္တီး | (၀.၂၀)လက်မ |
| နောင်ချို | (၀.၁၆)လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိ) | (၀.၁၂)လက်မ |
| မြစ်ကြီးနား | (၀.၀၈)လက်မ |
| သီပေါ | (၀.၀၈)လက်မ |
| လားရှိုး | (၀.၀၈)လက်မ |
| လဲချား | (၀.၀၈)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၅ | ၂၉ |
| ရှမ်း(မြောက်) | ၁၈ | ၃၀ |
| ရှမ်း(အရှေ့) | ၁၉ | ၃၄ |
| ရှမ်း(တောင်) | ၁၅ | ၃၀ |
| ချင်း | ၁၀ | ၂၄ |
| စစ်ကိုင်း(အထက်) | ၁၉ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၂ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၆ |
| မန္တလေး | ၂၄ | ၃၆ |
| မကွေး | ၂၂ | ၃၈ |
| ရခိုင် | ၂၃ | ၃၅ |
| ပဲခူး | ၂၂ | ၃၉ |
| ရန်ကုန် | ၂၄ | ၃၈ |
| ဧရာဝတီ | ၂၂ | ၃၈ |
| ကယား | ၁၇ | ၃၄ |
| ကရင် | ၂၂ | ၃၉ |
| မွန် | ၂၂ | ၃၆ |
| တနင်္သာရီ | ၂၄ | ၃၇ |

## မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များတိုးတက်ထွက်ရှိ



နေပြည်တော် ဧပြီ ၉

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရေတို/ရေရှည် အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်(တောင်)ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် (၁၆၊ ၁၈၊ ၂၀)တို့သို့ သွားရောက်ကြည့်ရှုအားပေးရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရေနံတွင်းများမှ အလွှာလိုက်ဖြစ်နေသော သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူခဲ့ရာ လေဆီနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများအသုံးပြုပြီး လုပ်ဆောင်ကြရန်လိုကြောင်း၊ ကုန်းတွင်းရေနံမြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိတွင်းအမှတ် (၁၈) မှ သဲကြောများအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဖောက်ယူရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၆ သန်းနှင့်လေဆီ ရှစ်စည်ကိုလည်းကောင်း၊ တွင်းအမှတ်(၂၀) ကို မတ်လ ၁၅ ရက်တွင် ဖောက်ယူရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၅ သန်းနှင့် လေဆီ ခုနစ်စည်ကိုလည်းကောင်း၊ တွင်းအမှတ်(၁၆)ကို ဧပြီလ ၃ ရက်တွင် ဖောက်ယူရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၆ သန်းနှင့် လေဆီ ရှစ်စည်ကိုလည်းကောင်း တိုးတက်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာဝန်ထမ်းများကို ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူရရှိနေသည့် ကုန်းတွင်းရေနံမြေများအနက် မအူပင်(တောင်)ဒေသမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များသည် C3 (ပရိုပိန်း)၊ C4 (ဗျူတိန်း) ပါဝင်မှုများပြားရာ မီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည်(LPG)နှင့် Naphtha ဓာတ်ဆီတို့ကို ပထမအဆင့်အနေဖြင့်ထုတ်ယူနိုင်ကြောင်း၊ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG) နှင့် Naphtha ဓာတ်ဆီထုတ်ယူထားပြီးသောဓာတ်ငွေ့များကို ဒုတိယအဆင့်အနေဖြင့် ဓာတ်မြေဩဇာစက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ ဆက်လက်ဖြန့်ဖြူးပေးနိုင်သည့်အတွက် လွန်စွာတန်ဖိုးရှိသော သဘာဝဓာတ်ငွေ့ဖြစ်ကြောင်းပြောကြားပြီး ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

လက်ရှိ တိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များသည် မြန်မာပြည်အောက်ပိုင်းဒေသရှိသဘာဝဓာတ်ငွေ့သုံးစွဲမှုကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များကို ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ လတ်တလောဖြစ်ပေါ်နေသည့် စက်သုံးဆီအကျပ်အတည်းကို အထိုက်အလျောက် လျော့နည်းသက်သာစေမည်ဖြစ်ပြီး ကုန်းတွင်းရေနံမြေအသစ်ထပ်မံရှာဖွေမှုအနေဖြင့် ဆိုက်စမစ်တိုင်းတာမှုများဆောင်ရွက်လျက်ရှိပြီး အစမ်းတွင်းများ တူးဖော်နိုင်ရေးကိုလည်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ





တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

❍ ရှေ့ဖုံးမှအဆက်

ယနေ့အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဦးအောင်ဇော်သိန်း၊ ဦးညဏ်ထွန်း၊ ဦးမျိုးတင့်၊ ဦးကျော်ဆန်း၊ ဦးတူးမော်၊ ဒေါ်စုစုဝင်း၊ ဒေါ်ဥမ္မာအေး၊ ဦးတင့်ဝေနှင့် ဒေါက်တာမာလာမော်တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ၃၀ ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့်ဦးခင်မောင်ရီ၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်အောင်စန်း၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာသီတာဦး၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးရဲမြင့်ထွန်း၊ ဒေါက်တာမောင်သင်း၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် ဦးမောင်မြင့်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရှစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့်ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်နှင့် ဒေါ်သင်းသင်းချိုတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဒေါက်တာခင်နိုင်ဦး၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါက်တာစန္ဒာဦး၊ ဒေါက်တာရီအေး၊ ဦးတင်မြင့်၊ ဒေါက်တာလှညွန့်၊ ဒေါက်တာဇော်ဦးနှင့် ဒေါက်တာဖြူဖြူအိတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦးတို့ကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီး ဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဦးစိုးသိန်း၊ ဦးကျော်ဝင်းသိန်း၊ ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ဒေါက်တာထွန်းထွန်းဦး၊ ဦးလွန်းဘော်၊ ဦးကျော်စိုးညွန့်၊ ဦးတိုးရီ၊ ဦးတင်အောင်ဝင်းနှင့် ဦးမင်းဟန်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို ဧပြီလ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး (ခ) တက္ကသိုလ်မေသူ၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ စိုင်းဝန်းဆမ်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါ်နန်းကျင်း (ခ) နန်းစိန်၊ ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်ဇင်ပပဦး၊ ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခိုင်ဝင်းအောင်၊ ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ကျိန်ငိုက်မန်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမြိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ဖြိုးဖြိုးဝေတို့ဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို ဧပြီလ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၊ အဖွဲ့ဝင်များအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်ဝေ၊ ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်မြင့်၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ခွန်ဝင်းဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဖြိုးမင်းဝင်းတို့ဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရုပ်နားကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ကို ဧပြီလ ၁၀ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

မြဝတီ


## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီလ ၁၈ ရက်(စနေနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ/အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းသင်တန်းဆင်းပွဲများပြုလုပ်

နေပြည်တော် ဧပြီ ၉

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တပ်မတော်သားမိသားစုဝင် သားသမီးများ နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာသည့်သားကောင်း/သမီးကောင်းများအဖြစ်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်ပြီး ဘာသာ သာသနာကို အရှည်တည်တံ့တိုးတက်ခိုင်မြဲအောင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတ ရစေပြီး အတတ်ပညာများတိုးပွားစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောအခြေခံ/အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ/အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့်မြန်မာ့သိုင်းအခြေခံသင်တန်း သင်တန်းဆင်းပွဲများပြုလုပ်စဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောပြီး မြန်မာ့သိုင်းသင်တန်းသားများ၏ မြန်မာ့သိုင်းကွက်များ သရုပ်ဖော်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ အဆိုပါသင်တန်းများကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များတွင်လည်း သင်တန်းဆင်းပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဧပြီ ၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ခရမ်းကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၂၂ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား အသေးစားဖွံ့ဖြိုးမှုစီမံကိန်းများ (Small Development Projects-SDP) အကောင်အထည်ဖော်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနကအဆိုပြုခဲ့သည့် " Construction of Preschool at Lewe Township, Nay Pyi Taw " (ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့တွင် မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်း) နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ည ၆ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E Mr. Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး အကြီးအကဲ H.E Mr. Abhay Thakur၊ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင်ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E Mr. Kirti Vardhan Singh တို့က စီမံကိန်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့တွင် မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံမှုရှိသော၊ ပါဝင်သင်ကြားခွင့်ရှိသော၊ အရည်အသွေးမြင့်သော သင်ယူမှုပတ်ဝန်းကျင်များအား ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ကလေးများ၏ ကိုယ်ကာယပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် မူလတန်းကြို ကျောင်းတစ်ကျောင်းအဖြစ် ပေါ်ထွက်လာပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Foreign state dignitaries send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from foreign state dignitaries sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

H.E. Mr. Rustam N. Minnikhanov, Head of the Republic of Tatarstan, the Russian Federation sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

## Press Release

H.E. Mr. Sergei Shoigu, Secretary of the Security Council of the Russian Federation sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

**Honorable Mister Min Aung Hlaing,**

Please accept my sincere congratulations on Your election to the post of the President of the Republic of the Union of Myanmar.

I am confident that, under Your able leadership, the Republic of the Union of Myanmar will continue to strengthen its unity, advance its development, and maintain high rates of economic growth.

I recall with great appreciation our meetings and am sincerely grateful for the opportunity of personal engagement with You.

I am convinced that Your election constitutes a solid foundation for the further progressive development of Russian-Myanmar cooperation. The strong ties between our peoples are time-tested and have a profound future.

Wishing You robust health and continued success in Your high office, as well as prosperity and well being to the people of Myanmar.

**Sergei Shoigu**
**Secretary of the Security Council**
**Russian Federation**

## Press Release

U Ko Ko Latt, Honorary Consul of Iceland to Myanmar sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

**His Excellency**
**U Min Aung Hlaing**
**President of the Republic of the Union of Myanmar**
**Nay Pyi Taw**
**Your Excellency,**

On the distinguished occasion of your election as President of the Republic of the Union of Myanmar, I have the honor, in my capacity as Honorary Consul of Iceland to Myanmar, to extend my warmest and most sincere congratulations.

Your Excellency's election reflects the confidence placed in your leadership at an important time for the nation. I am confident that under your guidance, Myanmar will continue its efforts toward peace, stability, and sustainable development for the benefit of all its people.

I would also like to take this opportunity to reaffirm my commitment to further strengthening the friendly relations between Myanmar and Iceland, and to promoting cooperation in areas of mutual interest, including trade, investment, and sustainable development.

Please accept, Your Excellency, the assurances of my highest consideration and my best wishes for your continued success in this important responsibility

Respectfully yours,

**Ko Ko Latt**
**Honorary Consul of Iceland to Myanmar**

## Press Release

H.E.Mr. Alexander Turchin, Prime Minister of the Republic of Belarus sent a congratulatory message to H.E. U Nyo Saw on his election as Vice-President of the Republic of the Union of Myanmar.

**Your Excellency,**

On behalf of the Government of the Republic of Belarus and personally, I congratulate You on the appointment as Vice-President of the Republic of the Union of Myanmar.

Taking the opportunity, I reaffirm the commitment of Minsk to further development of mutually beneficial relations with Nay Pyi Taw, based on friendship, trust and mutual assistance.

Our countries have created all the necessary conditions for expanding cooperation in political, trade, economic, scientific, technical, and humanitarian spheres. The priority task is to implement the agreements reached during high-level meetings, as well as to carry out the decisions of the 2nd session of the Joint Belarusian-Myanmar Intergovernmental Committee on Trade and Economic Cooperation, which were adopted in October 2025.

I look forward to further fruitful contacts between the Governments of Belarus and Myanmar with a view to ensuring the well-being of our peoples.

Please accept, Your Excellency, my best wishes for good health, energy and every success in responsible state duties, as well as the assurances of my highest consideration.

**Alexander Turchin**

# Sagaing District expands sown acreage of onions in cold season

SAGAING April 9

Statistics of Sagaing District Agriculture Department stated that local farmers could expand sown acreage of onions in Sagaing District of Sagaing Region this year.

During the 2025-2026 winter crop growing season, a total of 4,765 acres of onions were planned for cultivation in Sagaing District, Sagaing Region. Planting began in October 2025, and as of now, 1,914 acres have been planted in Sagaing Township, 1,077 acres in Myinmu Township, and 1,855 acres in Myaung Township, bringing the total planted area to 4,846 acres.

"In the winter cropping season in Sagaing District, onions were planned for cultivation on 4,765 acres, and planting has already been completed on 4,846 acres," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture. "At present, cultivation has exceeded the target acreage. Onion cultivation is proceeding as usual, and efforts are also being made to link farmers with markets so that they can obtain good prices."

For the 2025-2026 winter cropping season, the township-wise onion cultivation targets in Sagaing District were set at 1,802 acres in Sagaing Township, 1,110 acres in Myinmu Township, and 1,853 acres in Myaung Township, totalling 4,765 acres.

In Sagaing District, the respective township Departments of Agriculture are providing support to onion farmers by facilitating market linkages to ensure better prices, offering technical guidance to improve storability, promoting cultivation using GAP (Good Agricultural Practices), and working to produce high-quality onions.



Onion farmers reportedly incur production costs of around Ks-1.8 million per acre, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the main onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu. **SK**

# Pantanaw Township supplies large volume of taro to Yangon market

PANTANAW April 9

Local businesspersons from Pantanaw Township of Ayeyawady Region sent a large volume of taro to Yangon market said Daw Aye Maw, the owner of green grocery trader in Pantanaw Township.

They could sent 66,000 viss of taro to Yangon market.

"Over the past month, up to 66,000 viss of taro have been shipped and sold to the Yangon market. The taro exported from Pantanaw Township is of good quality. From Pantanaw, we mainly send agricultural products to the Yangon market. As buyers in Yangon are purchasing large quantities of taro produced in our region, shipments have increased. These are locally grown taro cultivated by farmers from this area," said Daw Aye Maw.

It is reported that during the past month, taro exported from Pantanaw Township to the Yangon market has been priced at up to Ks-72,000 per 10 viss. As sales of taro have improved, farmers, traders, cargo handlers, and freight vehicle rental operators are gaining job opportunities. **SK**

# Mezali Diversion Weir starts water supply in Pwintbyu Township

PWINTBYU April 9

According to the Pwintbyu Township Irrigation and Water Utilization Management Department, the Mezali Diver Weir started supply of water for summer crops in Pwintbyu Township of Magway Region.

The Township Irrigation and Water Utilization Management Department in Pwintbyu Township annually distributes irrigation water from the Mezali Diversion Dam through the South Mone Main Canal and the North Mone Main Canal to farmlands. This enables local farmers to cultivate seasonal crops in a timely manner and ensures sufficient irrigation water, resulting in successful crop production and smooth farming operations.

During this year's summer cropping season, the Township Irrigation and Water Utilization Management Department began releasing water from the Mezali Diversion Dam on the morning of 15 February 2026 to support timely cultivation of summer crops by farmers in Pwintbyu Township. Prior to water distribution, farmers were informed and encouraged to clear silt and overgrown vegetation from branch canals to prevent blockages and to ensure equitable water supply to summer paddy fields.

In Pwintbyu Township, Magway Region, during the current summer cropping season, plans are in place to cultivate 33,235 acres of summer paddy and 33,737 acres of summer sesame using water from the Mezali Diversion Dam, according to the Township Irrigation and Water Utilization Management Department. **SMK**

# More than 4,000 acres of chickpea cultivated in Dabayin Township

DABAYIN April 9

YeU District Agriculture Department stated that local farmers planted 4,985 acres of chickpea as cold season crops in Dabayin Township of Sagaing Region this year.



During the 2025-2026 winter crop growing season, chickpea cultivation in Dabayin Township was planned to cover 8,483 acres. Planting began in October 2025, and as of today, 4,985 acres have already been planted.

"During the winter cropping season in Dabayin Township, more than 8,000 acres of chickpeas were planned, and cultivation has been completed on more than 4,000 acres so far," said U Zaw Myint Tun, District Head of the YeU District Department of Agriculture. "We are continuing efforts to ensure that the planned acreage target is fully met. Chickpea cultivation has been improving year by year. To enhance yields and quality, we are working together with farmers to provide quality seeds, necessary inputs, and post-harvest technologies."

In chickpea cultivation, farmers are reportedly selecting locally suitable, high-yielding varieties such as Yezin-8 and Yezin-11. It is also reported that cultivating chickpeas costs more than Ks-300,000 per acre.

During the winter cropping season in Dabayin Township, for the cultivation of various pulse crops, relevant departments are working in cooperation with farmers to provide quality seeds, agricultural inputs, and post-harvest technologies needed to improve yields and quality. In addition, awareness-raising and extension activities are being carried out through lead farmers to encourage the use of beneficial Trichoderma fungi during the pulse-growing period.

Sagaing Region is the leading region nationwide in terms of cultivated area for pulse production. Pulses can be grown as a main crop as well as through multiple and intercropping systems, and farmers are therefore cultivating pulse crops as an important source of income. **SMK**

# Germany to resume direct talks with Iran to support ceasefire: Merz

BERLIN April 9

German Chancellor Friedrich Merz on Thursday announced that the German government will resume direct talks with Iran to support the newly agreed two-week ceasefire between Washington and Tehran.

During a press conference in Berlin, Merz stated that a window of opportunity for a negotiated solution has opened for the first time since the outbreak of the conflict, though he cautioned that the situation in the Middle East remains "fragile."

Following the ceasefire agreement between the United States and Iran, direct talks are scheduled to take place in Islamabad, Pakistan.

Merz noted that a German negotiation team is heading to Pakistan to engage with the Iran side, and he is scheduled to hold a phone call with Pakistani Prime Minister Shehbaz Sharif later on Thursday.

Merz also confirmed he had held a phone call with U.S. President Donald Trump, urging the U.S. leader to pursue the negotiations seriously.

He denied any discussions regarding the withdrawal of U.S. troops from military bases in Germany.

During the press conference, Merz also voiced concern over the situation in Lebanon, warning that Israel's ongoing military operations in Lebanon could cause the peace process as a whole to fail. "And that must not happen."

**Xinhua**



# Trump issues ultimatum to NATO as bloc chief visits 'Daddy'

WASHINGTON April 9

US President Donald Trump has lashed out at NATO over the inaction of European allies during the war with Iran.

Trump, according to sources close to bloc chief Mark Rutte who spoke to Bloomberg, has issued an ultimatum to its members demanding a commitment to help secure the Strait of Hormuz "within days. "

"NATO WASN'T THERE WHEN WE NEEDED THEM, AND THEY WON'T BE THERE IF WE NEED THEM AGAIN," Trump posted on Thursday on his social media platform Truth Social.

Trump's anger follows weeks of criticism of European NATO members for what he sees as their refusal to support the US-Israeli war on Iran. Spain has refused outright to allow US planes use its bases, while Germany and the UK have refused to condemn Trump or Israeli Prime Minister Benjamin Netanyahu, claiming only "this is not our war."

Rutte described the exchange as a "very frank, very open" discussion between "two good friends." He said in a Thursday interview with CNN, however, that Trump was "clearly disappointed" that US allies had refused to take part in the Iran war. Asked multiple times if Trump had said if he would leave the alliance, Rutte did not answer directly.

Rutte has faced a barrage of criticism in Europe for his perceived deference toward Trump. During a joint press appearance last year, he jokingly called the US president "Daddy," drawing media attention and ridicule.

Ahead of the latest meeting, White House Press Secretary Karoline Leavitt told journalists that a possible US withdrawal from the bloc is "something the president has discussed." She also said that Trump could raise the issue with Rutte.

**RT**

# Houthi leader signals military escalation amid U.S.-Iran ceasefire

SANAA April 9

Yemen's Houthi leader Abdul-Malik al-Houthi said on Thursday that military operations would escalate in the coming period, warning of potential "surprise actions" in line with developments on the ground.

In a televised speech broadcast by the Houthi-run Al-Masirah TV, al-Houthi indicated that the group's campaign would enter a new phase marked by intensified activity and evolving tactics.

"Yemen operations are on a promising upward trajectory," he said, adding that future steps would include "surprise attacks and impactful options within the framework of escalation phases."

The Houthi leader highlighted his group's military role within what he described as coordinated regional efforts, stating that the Yemeni front had contributed to "joint operations with the Resistance Axis," including missile and drone strikes targeting Israel.

He added that one of the key outcomes of Yemen's involvement was "preventing the Israeli and American enemy from using the Red Sea militarily in hostile acts against Iran and other countries."

A two-week ceasefire was announced early Wednesday by the United States and Iran. The office of Israeli Prime Minister Benjamin Netanyahu said Israel would comply with the truce but would continue military operations in Lebanon.

Prior to the ceasefire, the Houthis had launched missile and drone attacks against Israel starting on March 28 in what they described as support for allied forces in Iran, Iraq, Lebanon and Palestine.

The group, which has controlled Sanaa and much of northern Yemen since late 2014, previously supported Iran during last year's 12-day conflict with the United States and Israel.

**Xinhua**

# 157 killed in 2 weeks as rains trigger floods in Afghanistan

KABUL April 9

At least 157 people have been killed and 229 injured, with nine others missing, after heavy rains triggered widespread flooding and rain-related accidents across Afghanistan over the past two weeks, the country's National Disaster Management Authority said on Thursday.

Torrential downpours have unleashed floods, landslides and house collapses, accompanied by violent thunderstorms and lightning strikes, causing extensive loss of life and severe material damage, the authority said in a statement.

The deluge, which hit remote mountainous provinces particularly hard, completely destroyed 1,229 homes and partially damaged another 5,636, while washing away 18,400 acres of agricultural land and 372 km of roads, it added.

Authorities warned of further heavy rainfall and possible roof collapses through Friday in over 20 out of the country's 34 provinces, urging residents to remain on high alert, mainly in areas near rivers and other flood-prone zones.

**Xinhua**



# Organizations and committees issue congratulatory messages on the election of Senior General Min Aung Hlaing as President

NAY PYI TAW April 9

The Zinamanaung Pagoda Gold Robe Offering and All-round Construction Association (Thakayta), the MSME Association (Nay Pyi Taw), the Speaker, Deputy Speaker, and members of the Yangon Region Hluttaw, the Yangon Region Sports and Youth Affairs Support Task Force, New Life Youth Development Philanthropic Association, Myanmar Geosciences Society, Mandalay Region Chambers of Commerce and Industry and the leading patron, patrons, the chairman and members of the central executive committee of the MESF extended their warmest congratulations on the election of Senior General Min Aung Hlaing as President. Having been initially chosen as a Vice President by the elected Pyithu Hluttaw group, the Senior General was elected President by the Electoral College—comprising all representatives of the Pyidaungsu Hluttaw—on 3 April 2026.

In their congratulatory messages, these organizations expressed immense pleasure and honor regarding the Senior General's election. They prayed for the President's physical and mental well-being and for his continued service to the interests of the State, race, language, and religion. They also expressed hope that the country's economy, particularly the MSME sector, would achieve significant progress under his leadership. Furthermore, they wished the President health and happiness and prayed for the nation to remain free from all dangers.

**100**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May President Senior General Min Aung Hlaing enjoy physical and mental well-being and serve the interest of the State and race and religion exponentially in peace of body and mind.

**Zinamanaung Pagoda Gold Robe Offering and All-round Construction Association (Thakayta)**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We wish President Senior General Min Aung Hlaing well while overcoming all animosities and the three disasters and exercising noble wisdom.

**Speaker, Deputy Speaker, and members of the Yangon Region Hluttaw**

**Message of Congratulations**

The New Life Youth Development Philanthropic Association is deeply honored and delighted that Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We respectfully offer our best wishes for your physical and mental well-being and for your success in achieving the peace, stability, and development of the State.

**New Life Youth Development Philanthropic Association**

**Message of Congratulations and Great Pride**

The Mandalay Region Chambers of Commerce and Industry is deeply honored and delighted that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar at the third session of Pyidaungsu Hluttaw held on April 3, 2026. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Mandalay Region Chambers of Commerce and Industry**

**Warmest Congratulations**

We, the Nay Pyi Taw Micro, Small and Medium Enterprises Association, send our warmest congratulations on the election of Senior General Min Aung Hlaing as President, and U Nyo Saw and Daw Nan Ni Ni Aye as Vice Presidents, in accordance with presidential election procedures.

We anticipate that the national economy, specifically the MSME sector, will see further progress under the President's leadership.

The MSME Association will actively collaborate with the government in endeavors for national economic and industrial development, as well as the generation of job opportunities.

We wish the new government, led by the President, health and happiness as they successfully serve the interests of the State and its people.

**MSME Association (Nay Pyi Taw)**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May President Senior General Min Aung Hlaing enjoy physical and mental well-being and serve the interest of the State and race and religion exponentially in peace of body and mind.

**Yangon Region Sports and Youth Affairs Support Task Force**

**Message of Congratulations and Great Pride**

The Myanmar Geosciences Society is deeply honored and delighted that Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We respectfully offer our prayers and best wishes for the President's physical and mental well-being and for his success in carrying out the duties of the State.

**Myanmar Geosciences Society**

**Congratulations**

We heartily congratulate President of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and his government on their being elected in accordance with the will of the people.

The Myanmar Esports Federation and esports teams, which won the gold medal in Esports World Cup 2025, and the entire esport youths, solemnly pledge to cooperate in the process for building a world-class digital new Myanmar in any role we have to play relentlessly under the leadership of the President.

**The leading patron, patrons, the chairman and members of the central executive committee of the MESF**

# Minkin Township exceeds target acres in winter corn cultivation

MINKIN April 9

Winter-season corn planting in the township has exceeded the targeted acreage, according to the statistics of the Department of Agriculture for Minkin Township.

In the 2025-2026 winter crops planting season, Minkin Township has planned to plant 1,116 acres of seed corn and 6,022 acres of millets, a total of 7,138 acres. The planting began in October 2025. To date, 1,147 acres of seed corn and 6,263 acres of millets, a total of 7,410 acres, have been planted.

"We are providing education and awareness to ensure the success of corns," said Daw Hay Man Kyaw Win, head of the Department of Agriculture for Minkin Township.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000.**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်

# အမေရိကန်-အီရန် နှစ်ပတ်ကြာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်က အီရန် သို့မဟုတ် အမေရိကန်အတွက် အောင်ပွဲလား

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား သီတင်းပတ်နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရန်သဘောတူလိုက်ခြင်းသည် အီရန်အတွက် စီးပွားရေးနှင့်သံတမန်ရေးအရ အကျိုးကျေးဇူးများကို ထွက်ပေါ်လာစေခဲ့သည်။

အကြောင်းမှာ ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း ဟော်မုရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းသွားလာမည့် သင်္ဘောများအပေါ် အီရန်နှင့်အိုမန်နိုင်ငံတို့က အခကြေးငွေ သို့မဟုတ် အခွန်ကောက်ခံခွင့်ရရှိမည်ဖြစ်သည်ဟု အေပီသတင်းဌာနက ဧပြီလ ၈ ရက်တွင် ဖော်ပြထားသောကြောင့်ဖြစ်သည်။



ထို့ပြင် အီရန်အစိုးရအနေဖြင့် ရေလက်ကြားမှဖြတ်သန်းသွားလာသည့် သင်္ဘောများမှ ကောက်ခံရရှိသည့်ငွေကြေးများကို နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသုံးပြုရန်ရည်ရွယ်ထားသည်။

ထို့အတူ အမေရိကန်နှင့် အစ္စရေးတို့က အီရန်တစ်နိုင်ငံလုံးအပေါ် နေ့စဉ်နီးပါး ဗုံးကြဲတိုက်ခိုက်နေစဉ်အတွင်း အမေရိကန်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချမှတ်နိုင်ခြင်းနှင့် အီရန်က အချက် (၁၀) ချက်ပါအဆိုပြုချက်တစ်ရပ်ကို အမေရိကန်အစိုးရထံသို့ ပေးအပ်၍တောင်းဆိုနိုင်ခြင်းသည် အီရန်နိုင်ငံအတွက် အောင်ပွဲတစ်ရပ်အဖြစ် အီရန်ပြည်သူများကယူဆနေသည်။

အမေရိကန်နှင့် အီရန်တို့ကြား အပစ်အခတ်ရပ်စဲရန် သဘောတူညီလိုက်ပြီးနောက်တွင် တီဟီရန်မြို့တော်၌ အီရန်ပြည်သူများသည် ညလုံးပေါက် အောင်ပွဲခံခဲ့ကြသည်ဟု အီရန်မီဒီယာများက ဖော်ပြသည်။

အီရန်နှင့် ဖြစ်ပွားလျက်ရှိသည့် သီတင်းပတ်ခြောက်ပတ်နီးပါးကြာ စစ်ပွဲအတွင်း အမေရိကန်တပ်မတော်သည် စစ်လေယာဉ်အမြောက်အမြား ဆုံးရှုံးခဲ့ရပြီး ယခုအခါ ထိုဆုံးရှုံးမှုပမာဏသည် ၂၀၀၃ ခုနှစ်တွင် ဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲအတွင်းက ဆုံးရှုံးမှုများထက်ပင် ကျော်လွန်သွားပြီဖြစ်သည်။

အီရန်တပ်မတော်က မကြာသေးမီကာလအတွင်း၌ အမေရိကန်၏ F-35 တိုက်လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့ခြင်းသည် ၂၃ နှစ်တာကာလအတွင်း အမေရိကန်တိုက်လေယာဉ်တစ်စင်း တိုက်ပွဲ၌ပထမဆုံးအကြိမ် ပစ်ချခံရခြင်းဖြစ်လာခဲ့သည်။ နောက်ဆုံးအကြိမ် ပစ်ချခံရမှုမှာ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲအတွင်းက အမေရိကန်က ၎င်းတို့၏ A-10 တိုက်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရခြင်းဖြစ်သည်။

အမေရိကန်နှင့် အီရန်တို့ကြား နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရန် ဧပြီလ ၇ ရက်တွင် ပါကစ္စတန်၏ ကမကထပြုမှုဖြင့် သဘောတူညီခဲ့ခြင်းဖြစ်ပြီး သဘောတူညီချက်အရ အမေရိကန်အနေဖြင့် အီရန်အပေါ် တိုက်ခိုက်မှုများ ဆက်လက်မပြုလုပ်ဘဲ နှစ်ပတ်ကြာ ရပ်ဆိုင်းထားရန် သမ္မတ ဒေါ်နယ်ထရမ့်က သဘောတူညီခဲ့သည်။

ထိုသို့ရပ်ဆိုင်းရခြင်းမှာ ဟော်မုရေလက်ကြားကို လုံးဝပြန်လည်ဖွင့်လှစ်ပေးရန်ဖြစ်ပြီး အီရန်နိုင်ငံဘက်ကလည်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ထရမ့်က ရှင်းပြထားသည်ကိုတွေ့ရသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းပဋိပက္ခကို ဖြေရှင်းရန်အတွက် အီရန်အစိုးရထံမှ အချက် (၁၀) ချက်ပါဝင်သည့် အဆိုပြုချက်ကို လက်ခံရရှိထားပြီး ယင်းအဆိုပြုချက်အပေါ်တွင် ဆက်လက်လုပ်ဆောင်သွားရန် အသင့်ရှိကြောင်း အိမ်ဖြူတော်က ပြောကြားထားသည်။

အီရန်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချမှတ်နိုင်ခြင်းသည် သမ္မတဒေါ်နယ်ထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရအတွက် အောင်မြင်မှုတစ်ရပ်ဖြစ်သည်ဟု အိမ်ဖြူတော်မှ တာဝန်ရှိသူများက အတိအလင်းပြောကြားထားသည်။

အလားတူပင် အစ္စရေးနိုင်ငံကလည်း နှစ်ပတ်ကြာမြင့်မည့် အဆိုပါအပစ်အခတ်ရပ်စဲရေးကို သဘောတူညီထားသည်ဟု အိမ်ဖြူတော်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုနှင့် အီရန်တို့အကြား ချမှတ်ခဲ့သော ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အပေါ် အစ္စရေးအစိုးရတာဝန်ရှိသူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း အစ္စရေးသတင်းရင်းမြစ်တစ်ခုကို ကိုးကား၍ အမေရိကန်သတင်းဌာနတစ်ခုက ဧပြီလ ၈ ရက်တွင် ဖော်ပြထားသည်။

သို့သော် အစ္စရေးနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့်အတူ အပစ်အခတ်ရပ်စဲရေးစည်းမျဉ်းများကို တင်းကျပ်စွာ လိုက်နာသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

တစ်နည်းအားဖြင့်ဆိုရပါမူ အစ္စရေးနိုင်ငံသည် အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ဝန်လေးစွာဖြင့် သဘောတူလုပ်ဆောင်နေခြင်းဖြစ်ပြီး အီရန်နိုင်ငံအတွင်း စစ်ရေးအရအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းအားဖြင့် အကောင်အထည်ဖော်ရန် ဆန္ဒရှိနေသေးသည့် စစ်ရေးရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ ကျန်ရှိနေသေး၍ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ကြောင့် အမေရိကန်နှင့်အီရန်တို့အကြား သဘောတူခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို အစ္စရေးနိုင်ငံက သံသယရှိနေသည်။ အကြောင်းမှာ အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် ကြိုးပမ်းနေပြီး အစ္စရေးနိုင်ငံ၏တည်ရှိမှုအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် အစ္စရေးအစိုးရအဆက်ဆက်ကရှုမြင်နေသောကြောင့်ဖြစ်သည်။ ပိုဆိုးသည့်အချက်မှာ အမေရိကန်နှင့်အစ္စရေးတို့၏ လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုကို အန်တု၍ အရှေ့အလယ်ပိုင်းရှိအမေရိကန်နှင့် အစ္စရေးပစ်မှတ်များကို ဒုံးကျည်များ၊ ဒရုန်းများအသုံးပြု၍ လက်တုံ့ပြန်နိုင်စွမ်းရှိသည့် အီရန်၏တိုးတက်လာသည့် လက်နက်နည်းပညာ၏ ခြိမ်းခြောက်မှုဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီရန်အတွက် အမေရိကန်ပြည်ထောင်စုဘက်မှ အခြေခံအားဖြင့် လိုက်နာဆောင်ရွက်ရန် ကတိပြုထားသည်ဟု ဆိုထားသော အချက် (၁၀) ချက်ပါသည့် အခြေအနေများကို အီရန်မီဒီယာများကထုတ်ပြန်ကြေညာထားသည်။ အဆိုပါ အခြေအနေ သို့မဟုတ် အချက်များတွင်-

၁။ အီရန်အပေါ် ကျူးကျော်တိုက်ခိုက်မှုများမပြုလုပ်ရန်၊
၂။ ဟော်မုရေလက်ကြားအပေါ် အီရန်က ထိန်းချုပ်နေခြင်းကို ဆက်လက်ခွင့်ပြုရန်၊
၃။ ယူရေနီယံသန့်စင်မှုကို လက်ခံရန်၊
၄။ အီရန်အပေါ် ချမှတ်ထားသည့် အဓိကပိတ်ဆို့အရေးယူမှုအားလုံးကို ရုပ်သိမ်းရန်၊
၅။ ဆင့်ပွားပိတ်ဆို့အရေးယူမှုအားလုံးကို ရုပ်သိမ်းပေးရန်၊
၆။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အားလုံးကို ရုပ်စဲရန်၊
၇။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီအုပ်ချုပ်ရေးမှူးများအဖွဲ့၏ ဆုံးဖြတ်ချက်အားလုံးကို ရုပ်စဲရန်၊
၈။ အီရန်နိုင်ငံသို့ နစ်နာကြေးများပေးအပ်ရန်၊
၉။ ဒေသတွင်းရှိ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များအားပြန်လည်ရုပ်သိမ်းရန်နှင့်
၁၀။ လက်ဘနွန်နိုင်ငံရှိ အစ္စလာမ်မစ်ခုခံရေးအဖွဲ့အပါအဝင် စစ်မျက်နှာအားလုံးတွင် ဖြစ်ပွားနေသည့် စစ်ပွဲများကို ရပ်တန့်ရန်တို့ဖြစ်သည်။

အဆိုပါအခြေအနေ သို့မဟုတ် အချက်များတွင် အီရန်က အဆိုပြုထားသည့် အချို့အချက်များသည် အမေရိကန်အနေဖြင့် လိုက်နာသဘောတူရန်ခက်ခဲစေမည့် အခြေအနေရှိသော်လည်း ထရမ့်အစိုးရက သဘောတူခဲ့သည်ကို တွေ့မြင်နိုင်သည်။

ထို့ကြောင့် အီရန်နှင့် အမေရိကန်တို့အကြား ယခုချမှတ်လိုက်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အီရန်အစိုးရက အဆိုပြုထားသည့် အခြေအနေများအရ အီရန်က လက်ရှိဖြစ်ပွားနေသည့် စစ်ပွဲတွင် စစ်ရေး၊ စီးပွားရေးအရသာမက တရုတ်၊ ပါကစ္စတန်၊ အီဂျစ်၊ တူကီယဲနှင့် အခြားနိုင်ငံအများအပြားထံမှ နိုင်ငံရေးနှင့် သံတမန်ရေးအရ ထောက်ခံမှုများကိုပါရရှိစေခဲ့သောကြောင့် အီရန်၏ အောင်ပွဲတစ်ရပ်အဖြစ် အီရန်ပြည်သူများနှင့် မီဒီယာများက ဖော်ပြနေခြင်းဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

Ref: RT, Iv, Ap

# အီရန်နှင့်နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးချမှတ်ခဲ့ခြင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်စုဖွဲ့ရန်အတွက်ဖြစ်နိုင်ဟုဆို



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နှင့် သီတင်းပတ်နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးကို ချမှတ်ခဲ့ခြင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်စုဖွဲ့ရန်အတွက်ဖြစ်နိုင်သည်ဟု အမေရိကန်ကြည်းတပ်မတော်မှ အငြိမ်းစားအရာရှိတစ်ဦးက ဧပြီလ ၉ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Truth Social လူမှုမီဒီယာတွင် တွေ့ရှိရသည့် ဒေါ်နယ်ထရမ့်၏ရေးသားဖော်ပြချက်အရ အမေရိကန်အနေဖြင့် စစ်လေယာဉ်များနှင့် စစ်သင်္ဘောများအတွက် လက်နက်ခဲယမ်းများ ပြန်လည်ဖြည့်တင်းနိုင်ရန် အီရန်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချမှတ်ခဲ့ဖွယ်ရှိသည်ဟု အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးဒန်နီရယ်လ်ဒေးဗစ်က ၎င်း၏လူမှုကွန်ရက်တွင်ရေးသားဖော်ပြထားသည်။

Ref: Iv

# အမေရိကန်နှင့် အီရန်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချမှတ်နိုင်ခဲ့သော်လည်း တင်းမာမှုများကို လျော့ကျသွားစေခြင်းမရှိဟုဆို

မော်စကို၊ စစ်ရေး

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့အကြား ချမှတ်နိုင်ခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အရှေ့အလယ်ပိုင်းဒေသရှိတင်းမာမှုများကို လျော့ကျသွားစေခြင်း မရှိစေခဲ့ကြောင်း မီဒီယာ၏ ဧပြီလ ၉ ရက်ဖော်ပြချက်များအရသိရသည်။

သဘောတူညီချက်စတင်အသက်ဝင်သည့်နေ့မှာပင် နှစ်ဖက်စလုံးက အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံအတွင်း၌ စစ်ဆင်ရေးများကို တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းမှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အီရန်နိုင်ငံက ပြောကြားထားသည်။



အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် တစ်ရက်တည်းမှာပင် လူပေါင်း ၂၅၀ ကျော် သေဆုံးခဲ့ရခြင်းကြောင့် အီရန်ကတုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံအား တိုက်ခိုက်ခဲ့ပြီး အမေရိကန်နှင့် ချမှတ်ထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပါ အချက် ၃ ချက်မှာ ချိုးဖောက်ခံနေရပြီဖြစ်သောကြောင့် ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်ရန် အကြောင်းမရှိတော့ဟု အီရန်လွှတ်တော်ဥက္ကဋ္ဌကပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် သဘောတူညီချက်အရ ဟော်မုဇ်ရေလက်ကြားကို အစောပိုင်းတွင်ပြန်လည်ဖွင့်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ပိတ်ဆို့ခဲ့သည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှနုတ်ထွက်မည်ဟု အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်ကခြိမ်းခြောက်ပြောကြားခဲ့ကြောင်း သိရသည်။ Ref:Iv

# ကုလသမဂ္ဂ၏ သဘောတူညီချက်မရှိဘဲ ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်ရန် သင်္ဘောများကို စေလွှတ်မည်မဟုတ်ဟု အီတလီပြော

ရောမ၊ လုံခြုံရေး

အမေရိကန်နှင့် အီရန်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သော်လည်း ကုလသမဂ္ဂအဖွဲ့၏ သဘောတူညီချက်မရှိဘဲ ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်ရန်အတွက် သင်္ဘောများကို စေလွှတ်မည်မဟုတ်ကြောင်း အီတလီ ဒုတိယဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ယခုလက်ရှိအချိန်၌ ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်ခြင်းသည် အီတလီနိုင်ငံ၏ လုပ်ငန်းစဉ်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ကုလသမဂ္ဂအဖွဲ့၏ ဆုံးဖြတ်ချက်မပါရှိဘဲ အဆိုပါရေလက်ကြားသို့ သင်္ဘောများကိုစေလွှတ်နိုင်မည်မဟုတ်ကြောင်း ဒုတိယဝန်ကြီးချုပ် မက်တီယိုဆာဗီနီက ဧပြီလ ၈ ရက်တွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

အီတလီနိုင်ငံသည် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း အမေရိကန်က အီရန်အပေါ် တိုက်ခိုက်ခြင်းအား ထောက်ခံထားခြင်းမရှိဘဲ ၎င်းတို့၏ ပိုင်နက်နယ်မြေအတွင်း အမေရိကန်စစ်လေယာဉ်များ လာရောက်ဆင်းသက်ခြင်းကိုပါ ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ငြင်းဆိုခဲ့ကြောင်းသိရသည်။ Ref: ST

# လီရာငွေကြေးတည်ငြိမ်စေရန် ဒေါ်လာ ၂၀ ဘီလီယံတန်ဖိုးရှိ ရွှေတုံးများကို တူကီယဲရောင်းချ၊ လဲလှယ်

အစ္စတန်ဘူလ်၊ စီးပွားရေး

တူကီယဲဗဟိုဘဏ်သည် အီရန်နိုင်ငံတွင် အမေရိကန်၊ အစ္စရေးတို့နှင့်စစ်ရေးပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ ၎င်းတို့၏ တူကီယဲလီရာငွေကြေး တည်ငြိမ်စေရန်အတွက် ဒေါ်လာ ၂၀ ဘီလီယံတန်ဖိုးရှိ ရွှေတုံးများကိုရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း Financial Times သတင်းစာကဖော်ပြသည်။




တူကီယဲဗဟိုဘဏ်သည် ယခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၂၇ ရက်အတွင်း ရွှေတုံး ၅၂ တန်ကို ရောင်းချခဲ့သည့်အပြင် ရွှေတန်ချိန် ၇၉ တန်ခန့်နှင့် ညီမျှသော ရွှေလဲလှယ်ရေးလုပ်ငန်းများကိုလည်းစီစဉ်ဆောင်ရွက်ခဲ့ကြောင်းသတင်းစာက ဧပြီလ ၈ ရက်တွင်ဖော်ပြထားသည်။

ထို့ပြင် ဗဟိုဘဏ်သည် ဝင်ငွေရရှိစေရန်အတွက် ၎င်းတို့၏ရွှေတုံးများကို ငှားရမ်းသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့သည်။

Financial Times ၏ တွက်ချက်မှုများအရ ရွှေရောင်းချမှုနှင့် လဲလှယ်မှုတန်ဖိုးစုစုပေါင်းသည် လက်ရှိဈေးနှုန်းအရ ဒေါ်လာ ၂၀ ဘီလီယံနီးပါးရှိသည်ဟု သိရသည်။

တူကီယဲနိုင်ငံသည် ဒေသတွင်းစီးပွားရေးတည်ငြိမ်မှုရှိစေရန်အတွက် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသည့် ပဋိပက္ခကိုဖြေရှင်းရန် ကြိုးပမ်းရာတွင်လည်း တက်ကြွစွာပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ Ref: Iv

# အစ္စရေး၏ တိုက်ခိုက်မှုများက မိမိကိုယ်မိမိ ခုခံကာကွယ်ခြင်းဘောင်အတွင်း အကျုံးမဝင်ဟု ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲပြော



ဘရပ်ဆဲ၊ စစ်ရေး

အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံအပေါ် လုပ်ဆောင်သည့် တိုက်ခိုက်မှုများသည် မိမိကိုယ်မိမိ ခုခံကာကွယ်ခြင်းဘောင်အတွင်း အကျုံးမဝင်ကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ကာဂျာကားလက်က ဧပြီလ ၉ ရက်တွင် ပြောကြားလိုက်သည်။

အစ္စရေးနိုင်ငံ၏ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်သည် ယခုကဲ့သို့ တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ခိုင်လုံသည့်အကြောင်းပြချက်မဖြစ်နိုင်ကြောင်း၊ ထို့ပြင် အစ္စရေး၏တိုက်ခိုက်မှုများသည် ဒေသတွင်းတည်ငြိမ်မှုကို ပိုမိုပျက်ပြားစေမည့် အန္တရာယ်ရှိသည့်အပြင် အမေရိကန်နှင့် အီရန်အကြား အပစ်အခတ်ရပ်စဲရေးကို ဖိအားပေးခြိမ်းခြောက်လျက်ရှိကြောင်း ကားလက်က ဆက်လက်ပြောကြားထားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်၍ လက်ဘနွန်နိုင်ငံအပေါ် လုပ်ဆောင်ခဲ့သော အစ္စရေး၏ တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံ မြောက်ပိုင်းဒေသများကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့က ဧပြီလ ၉ ရက်တွင် ၎င်းတို့၏ ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Iv, Xinhua

# ဒေါ်လာ ၂ ဒသမ ၈ သန်းရှိ ရတနာပစ္စည်းများပါဝင်သည့် လက်ပွေ့အိတ်တစ်လုံးကို ခိုးယူသူတစ်ဦးအား ဗြိတိန်တရားရုံးက ထောင်ဒဏ်ချမှတ်



လန်ဒန်၊ ရာဇဝတ်မှု

တန်ဖိုးကြီး ရတနာပစ္စည်းများ ပါဝင်သည့်လက်ပွေ့အိတ်တစ်လုံးကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ယမကာဆိုင်တစ်ဆိုင်မှ ခိုးယူသွားသူတစ်ဦးအား တရားရုံးတစ်ခုက ဧပြီလ ၉ ရက်တွင် ထောင်ဒဏ်နှစ်နှစ်နှင့် သုံးလချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါလက်ပွေ့အိတ်အတွင်း၌ ၁၉ ရာစုအစောပိုင်းနှင့် ၂၀ ရာစုအစောပိုင်းက ရုရှားမင်းမျိုးမင်းနွယ်မိသားစုတစ်ခုက ဖန်တီးခဲ့သည့် ကျောက်မျက်ရတနာများ စီခြယ်ထားသော အဖိုးတန်ဥတစ်လုံးနှင့် လက်ပတ်နာရီတစ်လုံးတို့အား ထည့်သွင်းထားသည်။ အဆိုပါအိတ်ကို အသက် ၂၉ နှစ်အရွယ်ရှိ အန်ဇိုကွန်တီဆယ်လိုဆိုသူက ခိုးယူသွားခြင်းဖြစ်သည်။

၎င်းအား ဆောက်ဝဲ့ခ်တရားရုံးက ခိုးမှုတစ်မှုအပါအဝင် အခြားပြစ်မှုသုံးခုနှင့် စွဲဆိုခဲ့ပြီးနောက် ထောင်ဒဏ်နှစ်နှစ်နှင့် သုံးလချမှတ်လိုက်ခြင်းဖြစ်သည်။

လက်ပွေ့အိတ်အတွင်းပါဝင်သည့်ကျောက်မျက်ရတနာများစီခြယ်ထားသော အဖိုးတန်ဥနှင့် လက်ပတ်နာရီတို့၏ တန်ဖိုးမှာ အနည်းဆုံး ဒေါ်လာ ၂ ဒသမ ၈ သန်းရှိပြီး အဆိုပါ ရတနာပစ္စည်းများအားရောင်းချ၍ မူးယစ်ဆေးဝါးဝယ်ယူရန် ကွန်တီဆယ်လိုက စီစဉ်ထားကြောင်း သိရသည်။

Ref: ST

# ရွှေရောင်အိပ်မက်များနောက်ကွယ်က အွန်လိုင်းလိမ်လည်မှုလုပ်ငန်း၏ လူကုန်ကူးမှုကျော့ကွင်း

ဇေယံ(လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)

**❑➟ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများသည် လူအများစု အပေါ်ကျူးလွန်သည့် ကြီးလေးသည့်ရာဇဝတ်မှုများဖြစ်သည်ဟု မြန်မာနိုင်ငံ အစိုးရက သတ်မှတ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏မူဝါဒသည်** Zero Tolerance Policy **ဖြစ်ကြောင်း၊ နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ ခွင့်လွှတ်မှုမရှိ၊ ရေဆုံးရေဖျားလိုက်လံချေမှုန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အစိုးရကကျင့်သုံးမည့်နည်းလမ်း** (Method)**သည်** Aggressive CrackDowns Method **ပြင်းပြင်းထန်ထန် နှိမ်နင်းမည့်မူဝါဒဖြစ်ကြောင်း. . .**

ယနေ့ခေတ်ကာလတွင် စီးပွားရေးအကျပ်အတည်းနှင့် အလုပ်အကိုင်ရှားပါးမှုများကိုအခွင့်ကောင်းယူကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အဓမ္မခိုင်းစေရန်အတွက် ပုံစံအမျိုးမျိုးဖြင့် လိမ်လည်သွေးဆောင်ခေါ်ယူနေမှုများသည် အိမ်နီးချင်းနိုင်ငံများတွင် ပေါ်များလာလျက်ရှိသည်။ အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ "အွန်လိုင်းလိမ်လည်မှု" (Online Scam) ဟုခေါ်ဆိုသော ငွေကြေးလိမ်လည်သည့် လုပ်ငန်းစုများသည် မြန်မာလူငယ်များစွာ၏ဘဝကို မြေစာပင်ဖြစ်စေခဲ့သည်။ အဆိုပါမိမိတို့၏ရင်ဝယ်သားလူငယ်များကို နိုင်ငံတော်မှမိခင်နိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့ပြီးလည်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် ပြည်ပထွက်ခွာအလုပ်လုပ်ကိုင်လိုသည့်မြန်မာလူငယ်များ များပြားလာသည်နှင့်အမျှ **"လစာကောင်းကောင်း၊ အလုပ်သက်သာ"** ဟူသောမက်လုံးများဖြင့် လိမ်လည်သွေးဆောင်ဖြားယောင်းနေမှုများသည် လူကုန်ကူးမှုဘေးအန္တရာယ်ဆီးတွင်းသို့ ဆွဲခေါ်နေသလို ဖြစ်နေသည်။ အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ (Online Scam) အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းများတွင်အဓမ္မခိုင်းစေခံရသည့် မြန်မာလူငယ်များ၏ဖြစ်ရပ်အား သင်ခန်းစာရယူရန် ရည်ရွယ်သည်။

**ဆွဲဆောင်မှုရှိသော "ပိုက်ကွန်"**

ကမ္ဘောဒီးယားနိုင်ငံမှပြန်လည်ရောက်ရှိလာသောလူငယ်များ၏အတွေ့အကြုံများအရ အွန်လိုင်းလိမ်လည်သည့်လုပ်ငန်းများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook နှင့် Telegram တို့တွင် အလုပ်ခေါ်စာများကို ဆွဲဆောင်မှုရှိစွာ တင်လေ့ရှိကြောင်း၊ "အင်္ဂလိပ်စာ ပြောဆိုတတ်ရန်မလို၊ ဘွဲ့ရရန်မလို၊ ကွန်ပျူတာအခြေခံရှိရုံဖြင့် တစ်လလျှင် လစာ အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ရမည်ဟု စည်းရုံးခဲ့ကြကြောင်းသိရှိရသည်။ အဆိုပါမက်လုံးများသည် မိမိတို့၏လူနေမှုဘဝ တိုးတက်မှုကိုရှာဖွေနေသောလူငယ်များအတွက် ရွှေရောင်အိပ်မက်တစ်ခုဖြစ်လာခဲ့သည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရမည့်အပြင် "လမ်းစရိတ်အခမဲ့၊ ဗီဇာနှင့် နေစရိတ်အခမဲ့" ဟူသောစကားများဖြင့်ဖြားယောင်းကာ လေကြောင်းလိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ တာချီလိတ်မြို့ မယ်ဆိုင်တံတားမှ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်ဖြင့်လည်းကောင်း၊ မြဝတီမြို့မှမဲဆောက်သို့ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်ဖြင့်လည်းကောင်း ထိုင်းနိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ပြီး တောလမ်းများကိုဖြတ်ကာ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ပို့ဆောင်ခံကြရသည်။ သို့သော် ထို "အခမဲ့" ဆိုသည့်စကားနောက်တွင် ထိုသူတစ်ဦးချင်းစီ၏ခေါင်းပေါ်၌ "ရောင်းကြေး" (Bounty)များရှိနေသည်ကို ကာယကံရှင်များမသိရှိကြပေ။

**အွန်လိုင်းလိမ်လည်မှု (Online Scam) ဆိုသည်မှာ ဘာလဲ**

၎င်းတို့၏အဓိကအလုပ်မှာ အမျိုးသမီးချောလေးများ၏ ပုံကိုသုံး၍ Facebook/ Telegram တွင် အကောင့်တုများဖွင့်ခြင်း၊ နိုင်ငံခြားသားများ သို့မဟုတ် ငွေကြေးတတ်နိုင်သူများကို ချဉ်းကပ်ကာ အချစ်ရေးဖြင့် မြူဆွယ်ခြင်း (Pig Butchering Scam)၊ယုံကြည်မှုရလာပါက အွန်လိုင်းမှတစ်ဆင့် ငွေတိုးရင်းနှီးမြှုပ်နှံရန် ဖြားယောင်းပြီး ငွေများအားလုံးကို လိမ်လည်ယူခြင်းနှင့် အခြားနည်းလမ်းများ အသုံးပြုကာ ငွေများကို လိမ်လည်ရယူခြင်းဖြစ်သည်။

(Online Scam) အွန်လိုင်းလိမ်လည်မှုအများဆုံးကျူးလွန်သည့် ပုံစံ(၅)မျိုးမှာ –

(၁) Application များ၊ Website အတုများ အသုံးပြု၍ သတင်းအချက်အလက်များ ရယူလိမ်လည်ခြင်း (Phishing Fraud)

(၂) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း (Social Media and Telecommunication Fraud)

(၃) အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင် ပြုလုပ်၍လိမ်လည်ခြင်း (Online Romance Fraud)

(၄) အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုအကြောင်းပြု၍ လိမ်လည်ခြင်း (Online Trading / Trading Plat form Fraud)

(၅) အလုပ်အကိုင်ရရှိမည်ဟုအကြောင်းပြု၍ လိမ်လည်ခြင်း (Employment Scam) တို့ဖြစ်ပေသည်။

**လက်တွေ့ရင်ဆိုင်ရသည့်အခြေအနေ**

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းစုများသည် ကာစီနိုရုံဟောင်းများ သို့မဟုတ် ဝေးလံသောမြို့သစ်စီမံကိန်းများရှိ အထပ်မြင့်အဆောက်အအုံများတွင် အခြေစိုက်ကြသည်။ ကမ္ဘောဒီးယားနိုင်ငံ စီဟာနုဗေး(Sihanoukville)နှင့် နယ်စပ်ဒေသများသို့ ရောက်ရှိသွားသော လူငယ်များကြုံတွေ့ရသည့်အခြေအနေများမှာ ကတိများနှင့်တခြားစီဖြစ်သည်။ အလုပ်ခွင်သို့ရောက်ရှိသွားသောအခါ လူငယ်များသည် မိမိတို့ထင်မှတ်ထားသည့် ရုံးအလုပ်မျိုးမဟုတ်ဘဲ ကမ္ဘောဒီးယားနိုင်ငံရှိ စီဟာနုဗေး(Sihanoukville)၊ ဖနွမ်းပင်(Phnom Penh)နှင့် နယ်စပ်မြို့များရှိ အထပ်မြင့် အဆောက်အအုံများတွင် ထိန်းချုပ်ခံထားရကာ(Online Scam)အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းတွင် "လိမ်လည်ရသူ" (Scammer) အဖြစ် အတင်းအဓမ္မစေခိုင်းခံရသည်။ တစ်နေ့လျှင် ၁၅ နာရီမှ ၁၈ နာရီအထိ မနားတမ်းအလုပ်လုပ်ရပေသည်။

**အလုပ်သဘာဝ–** လူမှုကွန်ရက်တွင် အကောင့်အတုများဖွင့်၍ ကမ္ဘာတစ်ဝန်းရှိ လူများကို ငွေကြေးရင်းနှီးမြှုပ်နှံရန် သို့မဟုတ် အချစ်ရေးဖြင့်လိမ်လည်ရန် (Pig Butchering Scam) ခိုင်းစေခံရသည်။

**ချုပ်နှောင်ခံရမှု –** ခြံဝင်းအတွင်းမှ အပြင်သို့ထွက်ခွာခွင့်မရှိဘဲ လက်နက်ကိုင်လုံခြုံရေးများဖြင့် စောင့်ကြပ်ထားခြင်းခံရသည်။

**နှိပ်စက်ညှဉ်းပန်းမှု –** သတ်မှတ်ထားသော Target မပြည့်ပါက ရိုက်နှက်ခြင်း၊ လျှပ်စစ်ကျင်စက်ဖြင့် တို့ခြင်း၊ အစာငတ်ထားခြင်းနှင့် အဆိုးရွားဆုံး အခြေအနေဖြင့်ပြန်လည်ရောင်းချခြင်း (Reselling) များကြုံတွေ့ရနိုင်ပေသည်။

**ပြန်ပေးဆွဲသကဲ့သို့ ငွေတောင်းခြင်း –** အလုပ်မှထွက်လိုပါက လျော်ကြေးအဖြစ် ဒေါ်လာသောင်းချီ ပေးဆောင်ရမည်ဟု ခြိမ်းခြောက်ခြင်းခံရပေမည်။

**ကမ္ဘောဒီးယားနိုင်ငံ အွန်လိုင်းလိမ်လည်မှုလုပ်ငန်း (Online Scam)များတွင်လုပ်ကိုင်ခဲ့ရသည့် ကိုယ်တွေ့ကြုံရသူ၏ စကားသံ(Survivor Quote)**

"လိုင်းပေါ်မှာလူခေါ်တဲ့ဟာတွေတွေ့တယ်။ ကျွန်မတို့သွားပြီးတော့ ဆက်သွယ်ကြည့်တော့ ဒီအလုပ်ကအလွန်ကောင်းတယ်။ တစ်လကို သိန်း ၄၀ လောက်ရမယ်။ ဘာမှမလုပ်ရဘူး Customer Service ပေးရုံပဲဆိုပြီးခေါ်ခဲ့တာ။ ဟိုမှာတစ်လကို သိန်း ၄၀ လောက်ရတယ်ဆိုပြီးတော့ သွားခဲ့တာပေါ့။ စရောက်တော့ တစ်ရက်လောက်ပေးနားတယ်။ ရောက်တဲ့အချိန်မှာ Facebook အတိုင်းပဲ IG အကောင့်တွေဖွင့်ရတယ်။ ပြီးရင် အဲဒီကနေမှ ရည်ညွှန်းတဲ့ နိုင်ငံကို အင်ဒိုနီးရှားဆို အင်ဒိုနီးရှား၊ US ဆို US ပေါ့။ အဲ့လို လူရှာပြီးတော့မှ Whatsapp ရဖို့အတွက် ကျွန်မတို့က တောင်းပေးရတာ။ ပြဿနာတွေမဖြစ်ခင်မှာ ကျွန်မတို့က သံရုံးကိုတိုင်မယ်ပေါ့။ သံရုံးကိုတိုင်ပြီးတော့မှ သံရုံးက လာခေါ်ပေးတာကို စောင့်မယ်ဆိုပြီးတော့မှ စီစဉ်ထားကြတာ။ အဲဒီကနေမှ ကမ္ဘောဒီးယားအစိုးရက လိုက်လံဖမ်းဆီးတဲ့အခါမှာ ဖြစ်ချင်တာဖြစ်တော့ သေရင်လည်းသေပါစေ၊ ရှင်ရင်လည်း ငါတို့မြန်မာပြည်တော့ရောက်အောင်ပြန်မယ်။ ဘယ်လိုနည်းနဲ့မဆို ဆိုပြီးတော့ အဲဒီကနေ ထွက်ပြေးပြီး နီးစပ်ရာကမ္ဘောဒီးယားတွေကို မေးပြီးတော့မှ ကားငှားပြီး သံရုံးကိုရောက်အောင် သွားခဲ့တာ။ စရောက်တော့ သံအမတ်ကြီးရော၊ ရုံးကအစ်မတွေရော အလွန်သဘောကောင်းတယ်။ အကုန်လုံးလည်း အစစအရာရာကူညီပေးတယ်။ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ အပြင်မှာတောင်မနေခိုင်းဘဲ သံရုံးထဲမှာပဲ နေဖို့ထိုင်ဖို့တွေ အစစအရာရာ ကျန်းမာရေးအကုန်လုံး ဂရုစိုက်ပေးတယ်။ နေမကောင်းဘူးဆိုရင်လည်း ဆေးခန်းပြပေးတယ်။ အစားအသောက်ဆိုရင်လည်း သူတို့စီစဉ်နိုင်သလောက် အကုန်လုံးစီစဉ်ပေးပြီးတော့မှ အားလုံး နွေးနွေးထွေးထွေးနဲ့ဆက်ဆံပေးတယ်။ အစကနေ အဆုံးထိပေါ့။"

ကမ္ဘောဒီးယားနိုင်ငံ(Online Scam) အွန်လိုင်းငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ရသည့် မြန်မာနိုင်ငံသားလူငယ်များ၏ပြောပြချက်အရ ကမ္ဘောဒီးယားနိုင်ငံတွင် အွန်လိုင်းရှော့ပင်း ဈေးရောင်းလုပ်ကိုင်ရမည်၊ လုပ်ခလစာ အမေရိကန်ဒေါ်လာ ၆၀၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပို့ဆောင်ပေးမည်။ နိုင်ငံကူးလက်မှတ်စာအုပ်မရှိလည်းရသည်။ သွားရောက်မည်ဆိုပါက ကိုယ်ပိုင်အကောင့်သို့ လာရောက်ဆက်သွယ်ပါဟုကြော်ငြာထားသည်ကိုတွေ့ရှိ၍ ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ပွဲစားဖြစ်သူ၏ Telegram အကောင့်မှ ချိတ်ဆက်စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တာချီလိတ်မြို့သို့ရောက်ရှိခဲ့ကြောင်း၊ မယ်ဆိုင်တံတားမှ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်အားပြုလုပ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် တာချီလိတ်မြို့မှ မယ်ဆိုင်မြို့သို့လည်းကောင်း၊ မယ်ဆိုင်မြို့မှတစ်ဆင့် ဘန်ကောက်မြို့သို့လည်းကောင်း ကားဖြင့်သွားရောက်ခဲ့ပြီး ၎င်းမြို့မှ ကားဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့(KAM POT) မြို့အပြင်ဘက်ရှိ BoKor တောင်ပေါ်ရှိ KAMPOT–2 အမည်ရှိ ကုမ္ပဏီသို့ရောက်ရှိခဲ့ပြီး လေးထပ်တိုက် အခန်း ၂၀ ရှိ အဆောက်အအုံတွင် နေထိုင်ခဲ့ရပြီး ကွန်ပျူတာနှင့်ဖုန်းများကိုအသုံးပြုကာ Telegram မှ အကောင့် ၁၀၀၀ ခန့်ချပေးပြီး အသက် ၃၅ နှစ်အထက်ရှိ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အမျိုးသမီးခတ်ပုံများအား Profile တင်ကာ နိုင်ငံခြားသားအကောင့်များကိုရှာပေးရကြောင်း၊ နိုင်ငံခြားသားများမှ အကောင့်လာအပ်ပါက အဖွဲ့ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားသားထံလွှဲပြောင်းပေးရပြီး အဖွဲ့ခေါင်းဆောင်မှ ငွေကြေးလိမ်လည်မှုကို ဆက်လက်ပြုလုပ်ကြောင်းသိရှိရသည်။

**Online Scam များတွင်လုပ်ကိုင်ခဲ့ရသူများအပေါ် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ပေးမှု**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း

**စာမျက်နှာ ၂၅ သို့** ❑

❑ စာမျက်နှာ ၂၄ မှအဆက်

ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟုသံသယရှိသော မြန်မာနိုင်ငံသားလူငယ်များကို ကမ္ဘောဒီးယားနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတကြီး(ယခင်)နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ မြန်မာနိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)နှင့်တပ်မတော်လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ စားသောက်နေထိုင်မှုများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားလူငယ်များအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းစာရင်းကောက်ယူခြင်း စသည့်စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းပြီးဖြစ်သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် **ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက် ဖျက် ရေးကော် မတီ**တို့ကိုလည်း ဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့်ဖွဲ့စည်းပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအလှမ်းမမီတဲ့ လက်နက်ကိုင်သောင်းကျန်းသူအချို့ရဲ့ နယ်မြေတွေမှာ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများက စိမ့်ဝင်လာပြီး အွန်လိုင်းလိမ်လည်မှုအပါအဝင် ဆက်စပ်ရာဇဝတ်မှုများဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒီပြဿနာကို ရိုးရိုးသာမန်ရာဇဝတ်မှုများလိုသဘောမထားဘဲ ပြတ်ပြတ်သားသားနှိမ်နင်းခဲ့ပြီး တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲခြင်း၊ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသည့် နိုင်ငံခြားသားများပြန်လည်လွှဲပြောင်းပေးခြင်း၊ ပြည်တွင်းပြည်ပအဓိကတရားခံများအား ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကြိုတင်ကာကွယ်ခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ**

လူကုန်ကူးမှုသည် နည်းလမ်းအမျိုးမျိုးဖြင့် ပုံစံပြောင်းလာတတ်သဖြင့် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းအလိုက် ပူးပေါင်းကြိုတင်ကာကွယ်ရမည့်အပြင် Online Scam များတွင် လုပ်ကိုင်ရခြင်းနှင့် နောက်ဆက်တွဲလူကုန်ကူးမခံရစေရေးအတွက်

❑➟ **“အွန်လိုင်းလိမ်လည်မှု”(Online Scam) ဆိုသည်မှာတစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝကိုသာမက မိသားစုပေါင်းများစွာကိုပါ ပူလောင်စေသည့် ငရဲကျင်းတစ်ခုဖြစ်သည်။ ရည်ရွယ်ချက်ကိုဖုံးကွယ်၍ သွေးဆောင်ခေါ်ယူနေသောအလုပ်ခေါ်စာများကြောင့် ဖြစ်ပေါ်လာသော ရွှေရောင်အိပ်မက်များနောက်သို့ မစဉ်းစားမဆင်ခြင်လိုက်ပါသွားခြင်းသည် မိမိကိုယ်မိမိ သေတွင်းထဲသို့ ခုန်ဆင်းခြင်းနှင့်အတူတူပင်ဖြစ် . . .**

**Online Scam များနှင့်ပတ်သက်၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု (Online Scam) အား အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio A ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာတွင် **“အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများသည် လူအများစုအပေါ်ကျူးလွန်သည့် ကြီးလေးသည့်ရာဇဝတ်မှုများဖြစ်သည်ဟု မြန်မာနိုင်ငံအစိုးရက သတ်မှတ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏မူဝါဒသည် Zero Tolerance Policy ဖြစ်ကြောင်း၊ နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ ခွင့်လွှတ်မှုမရှိ၊ ရေဆုံးရေဖျားလိုက်လံချေမှုန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရက ကျင့်သုံးမည့်နည်းလမ်း (Method)သည် Aggressive CrackDowns Method ပြင်းပြင်းထန်ထန် နှိမ်နင်းမည့်မူဝါဒဖြစ်ကြောင်း”** ပြတ်ပြတ်သားသား ကြေညာထားပြီးဖြစ်သည်။ ယင်းတို့ကိုဆောင်ရွက်ရန် အွန်လိုင်းလိမ်လည်မှုနှင့်လူကုန်ကူးမှုဆီသို့ ဦးတည်ဖြစ်ပေါ်စေနိုင်သည့် ပြည်ပသို့တရားမဝင်ထွက်ခွာမှုများကိုထိန်းချုပ်နိုင်ရေးအတွက် တရားမဝင်ပို့ဆောင်သူများကို စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိသည်။ လူကုန်ကူးသူလူပွဲစားများကိုလည်း စုံစမ်းဖော်ထုတ်၍ ထိရောက်ပြစ်ဒဏ်ရရှိရေး တရားစွဲဆိုနိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း အောက်ပါလုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်–

(က) လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာအကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့်လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့်ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသနလုပ်ငန်းများဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့်အခြေခံ အချက်အလက်များ ရရှိနိုင်ရေးအတွက်လည်းကောင်း ကျွမ်းကျင်သူများပါဝင်သည့် သုတေသနလုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သော အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူကုန်ကူးမှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့်နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သတိပြုလာစေရေးအတွက် အသိပညာပေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြားနိုင်ငံများမှ ကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်လမ်းညွှန်ခြင်း၊

(စ) လူကုန်ကူးမှုများလျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ၊ အစီအစဉ်များချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန/အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး/နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးအာဏာပိုင်များအချင်းချင်း သတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လူကုန်ကူးခံရသည့်အမျိုးသား/အမျိုးသမီး၊ လိင်ဝိသေသထူးခြားသူများနှင့် ကလေးသူငယ်များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ယင်းတို့၏ အကျိုးအတွက် အလေးဂရုပြုဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေအရ ရန်ပုံငွေတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်း အကူအညီပေးရေးတို့ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပရှိအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေအရ တရားမစွဲဆိုမီ သက်သေခံအဖြစ်သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့်ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

(ဌ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဍ) လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ပြစ်မှုများကိုလည်းကောင်း၊ လူကုန်ကူးခံရသူအားစိစစ်ပြီး ၎င်းအားအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဎ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့်အကူအညီပေးရေး လုပ်ငန်းများအတွက် အစီအမံများချမှတ်ပေးခြင်း၊

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures – SOP)ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်ပါက ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှုကျူးလွန်သူတရားခံများကို တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေးအတွက်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင်နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေးအရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဓ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီကျင်းပခြင်း၊

(န) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(ပ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၂၆ သို့ ❑

❑ စာမျက်နှာ ၂၅ မှအဆက်

**ဘေးကင်းစေရန် မည်သို့ကာကွယ်ရမည်နည်း**

ဤကဲ့သို့ လူကုန်ကူးမှုဆိုသည့် ငရဲကျင်းအတွင်း မကျရောက်စေရန် လူငယ်များနှင့် မိဘအုပ်ထိန်းသူများ အထူးသတိပြုရန်လိုအပ်ပေသည်။ လွယ်ကူလွန်းသော အခွင့်အရေးကိုသံသယရှိပါ။ အရည်အချင်းမလိုဘဲ လစာအဆမတန်များနေသည့် အလုပ်မှန်သမျှသည် ထောင်ချောက်ဖြစ်ရန် ၉၉ ရာခိုင်နှုန်းသေချာပါသည်။ အွန်လိုင်းပေါ်မှအလုပ်ခေါ်စာများ Social Media(Facebook, Telegram, TikTok) များမှတစ်ဆင့် ချိတ်ဆက်လာသောအလုပ်များကို ပိုမိုသတိထားပါ။ ပြည်ပသို့ ထွက်ခွာမည်ဆိုပါက တရားဝင်လမ်းကြောင်းကိုသာအသုံးပြုပါ။ ပြည်ပသို့ အလုပ်သွားလုပ်မည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုချက်ရထားသော အေဂျင်စီများမှတစ်ဆင့်သာသွားရောက်ပါ။ ခရီးစဉ်အသေးစိတ်ကိုစုံစမ်းပါ။ မည်သည့်မြို့၊ မည်သည့်ကုမ္ပဏီတွင် လုပ်ရမည်ကို ကြိုတင်စုံစမ်းပြီး မိသားစုထံလိပ်စာနှင့် ဖုန်းနံပါတ်များအားပေးထားပါ။ ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်မည့် သက်ဆိုင်ရာတပ်ဖွဲ့၊ ဌာနများ၏ Help Line/ Hot Line ဖုန်းနံပါတ်များကို မှတ်သားသွားပါ။ နိုင်ငံကူးလက်မှတ်(Passport)၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အရေးကြီးသော ကိုယ်နှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများကို ကိုယ်နှင့်မကွာထားပါ။ မည်သည့်အလုပ်ရှင်ဖြစ်စေ နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ကို သိမ်းဆည်းထားပိုင်ခွင့်မရှိပါ။

အချုပ်ဆိုရသော် "အွန်လိုင်းလိမ်လည်မှု" (Online Scam) ဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝကိုသာမက မိသားစုပေါင်းများစွာကိုပါ ပူလောင်စေသည့် ငရဲကျင်းတစ်ခုဖြစ်သည်။ ရည်ရွယ်ချက်ကိုဖုံးကွယ်၍ သွေးဆောင်ခေါ်ယူနေသောအလုပ်ခေါ်စာများကြောင့် ဖြစ်ပေါ်လာသော ရွှေရောင်အိပ်မက်များနောက်သို့ မစဉ်းစားမဆင်ခြင် လိုက်ပါသွားခြင်းသည် မိမိကိုယ်မိမိ သေတွင်းထဲသို့ ခုန်ဆင်းခြင်းနှင့်အတူတူပင်ဖြစ်သည်။ ထို့ကြောင့် မိမိ၏ဘဝအနာဂတ်ကို တန်ဖိုးထားသောလူငယ်များအနေဖြင့် သတင်းအချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး သတိ၊ ဝီရိယဖြင့် ဆင်ခြင်တုံတရားရှိရှိရွေးချယ်ကြပါရန်နှင့် မသေချာသော ရွှေရောင်အိပ်မက်များနောက်သို့ မျက်စိမှိတ်မလိုက်ပါရန် အရေးကြီးသည်။ "အွန်လိုင်းလိမ်လည်မှု" (Online Scam)လုပ်ငန်းများနှင့်ဆက်နွှယ်ဖြစ်ပေါ်လာသောလူကုန်ကူးခံရမှုသည် လူသားတို့၏ဘဝနှင့် ဂုဏ်သိက္ခာကိုဖျက်ဆီးနေသည့် လုပ်ငန်းများဖြစ်သဖြင့် မြန်မာလူငယ်များအနေဖြင့် မှန်ကန်သောလမ်းကို အသိ/သတိဖြင့် ရွေးချယ်လျှောက်လှမ်းနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်



**ခိုလမ် ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ခိုလမ်မြို့၌ မဟာသင်္ကြန်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်းကျင်းပလာသည့် သင်္ကြန်ပွဲများထက် ထူးခြားလေးနက်သည့် အတာသင်္ကြန်ပွဲကို ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုသင်္ကြန်မဏ္ဍပ်ကို ကျိုင်းတောင်းလမ်းဆုံနှင့် လမ်းလျှောက်သင်္ကြန်ကို တုန်ဟုန်းကျေးရွာအုပ်စု တုန်ဟုန်းရေကန်အနီး၌ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့ပြင် ရပ်ကွက်များတွင် ရေကစားမဏ္ဍပ်များကို တည်ဆောက်လျက်ရှိကြောင်း၊ စတုဒိသာမဏ္ဍပ်များကို နှစ်စဉ်ကျင်းပသကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းစိုးထံမှ သိရသည်။

ခိုလမ်မြို့၌ လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်၊ အခြားသောမဏ္ဍပ်များနှင့် ရပ်ကွက်ရေကစားမဏ္ဍပ်များအား ရေမပြတ်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဌာနဆိုင်ရာယိမ်းအဖွဲ့များက သက်ဆိုင်ရာရပ်ကွက်/ဌာနများ၌ အဖွဲ့အလိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်ထားသည့်အပြင် နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲများနှင့် ခိုလမ်မြို့၏ထောင့်လေးထောင့်တွင်လည်း အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**

# မောက်မယ်မြို့နယ်၌ ဆောင်းပဲပုပ်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မောက်မယ် ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ စိုက်ပျိုးထားသည့် ရေဆင်း-၁၅ မျိုး ဆောင်းပဲပုပ်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မောက်မယ်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားရေရိက္ခာဖူလုံစေရေး၊ ဒေသခံရှမ်းတိုင်းသားများ အဓိကစားသုံးသည့်ပဲပုပ်သီးနှံအထွက်တိုးစေရေးအတွက်ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကဖြန့်ဖြူးသည့် ရေဆင်း-၁၅ မျိုးကို ဒေသခံတောင်သူများက စံပြလယ်စိုက်ခင်းများ၌ ပိုမိုစိုက်ပျိုးကြခြင်းဖြစ်သည်။

ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန်အတွက် စိုက်နည်းစနစ်များမှန်ကန်စေရန်၊ စိုက်ပျိုးရေးသုံးသွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာသုံးတတ်စေရန်နှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံကွင်းဝန်ထမ်းများက နယ်မြေကွင်းဆင်းပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြောင်း သတင်းရရှိသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



# ပေါင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပေါင် ဧပြီ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧပြီလ ၉ ရက် နံနက်ပိုင်းတွင် လူစည်ကားရာလမ်းဆုံနှင့် ကဒါရပ်ကွက် မင်္ဂလာဈေးတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ဈေးအတွင်းလမ်းသွားလမ်းလာဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်လိုက်နာရမည့်အချက်များကို အသိပညာပေးတိုက်တွန်းနှိုးဆော်သည်။

ထို့နောက် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှထုတ်ဝေသည့် အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အချက်များ၊ အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများနှင့် ခံစားနေရသည့်လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်း အကြောင်းအရာပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

**MWD Variety Channel**

၁၀-၄-၂၀၂၆(သောကြာနေ့)

၁။ ၁၀:၂၅ ကျန်းမာသောဘဝ

၂။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ

၃။ ၁၂:၂၀ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ ပညာအမွေ

၄။ ၁၆:၂၀ လူငယ်ရှေ့ရေး အတွေးကမ္ဘာ

**မြဝတီရုပ်မြင်သံကြားအစီအစဉ်**

၁၀-၄-၂၀၂၆(သောကြာနေ့)

၁။ ၀၆:၀၃ တရားတော်

၂။ ၀၆:၄၅ ဓမ္မပူဇာတေး

၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့

၄။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား

၅။ ၀၈:၄၀ စိုက်ပျိုးသုတ

၆။ ၀၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း

၇။ ၁၀:၁၅ နိုင်ငံတကာသတင်း

၈။ ၁၀:၅၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း

၉။ ၁၁:၃၀ မြတ်ဗုဒ္ဓ၏သာသနာ

၁၀။ ၁၁:၅၅ မြန်မာ့လက်သံ

၁၁။ ၁၃:၂၀ အမှတ်တရနေ့ရက်များ

၁၂။ ၁၃:၅၀ ဝေမျှဆွေးနွေး လူငယ့်အရေး

၁၃။ ၁၅:၃၀ ဇာတ်လမ်းတို

၁၄။ ၁၇:၂၅ **သုတရသစုံလင် ဗဟုသုတပုံပြင်**

၁၅။ ၁၇:၄၅ ဆွေမျိုးပေါက်ဖော်မှသည် ရသအစုံစုံ ဗဟုသုတအဖုံဖုံ

၁၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ပိတောက်စေတမန် သရုပ်ဆောင်- သက်အောင်ကျော်၊ သီဟထွန်း၊ မေသန္တာကျော်၊ ယမုံဇင်**

၁၇။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

# ဒဂုံ(တောင်ပိုင်း)မြို့နယ်၌ စာစီစာကုံးရေးသားနည်းသင်တန်းဆင်းပွဲကျင်းပ



**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာစီစာကုံးရေးသားနည်း သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံ(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာသက်ဝေမောင်က သင်တန်းတွင် ကျင်းပပေးခဲ့သည့် ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စာစီစာကုံးရေးသားနည်း သင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ပြီး မြို့နယ်ဦးစီးမှူးက သင်တန်းနည်းပြဆရာအား ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စာစီစာကုံးရေးသားမှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရန်နှင့် စာစီစာကုံးရေးသားနည်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အဆိုပါစာစီစာကုံးရေးသားနည်းသင်တန်းကို ဧပြီလ ၁ ရက်မှ ၈ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **နေမျိုးအောင်**

# ဖြူးမြို့နယ်၌ မြန်မာ့ရိုးရာလမ်းလျှောက် သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**ဖြူး ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ ဈေးရပ်ကွက် ဗိုလ်ချုပ်လမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြို့နယ်၌ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပရာတွင် သင်္ကြန်အကြိုနေ့နံနက် ၉ နာရီမှစတင်၍ လမ်းလျှောက်သင်္ကြန်မုခ်ဦး၌ ဖဲကြိုးဖြတ်ဖွင့်လှစ်မည်ဖြစ်ကာ တက်ရောက်လာကြသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ ပျော်ရွှင်စွာလမ်းလျှောက်ရေကစားကြမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အလားတူ သင်္ကြန်ပွဲတော်ရက်များတွင် နေ့စဉ် ရပ်ကွက်အတွင်း ပျော်ရွှင်စွာရေကစားခြင်း၊ စတုဒိသာများကျွေးမွေးခြင်းအပြင် နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲစသည့် ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဟဲယာရွာမကျေးရွာအုပ်စု ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို ဧပြီလ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ပန်းပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၅၆ ဒသမ ၆၅ သန်းဖြင့် မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပန်းပဲကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးအတွက် ငွေကျပ် ၅၆ ဒသမ ၆၅ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။**ဟိန်းထက်စိုး(မလှိုင်)**

# ဒေးဒရဲမြို့နယ်၌ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်း



**ဒေးဒရဲ ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၈ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် ကော်မတီဝင်များက သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး လက်ဝှေ့နှင့် အေရိုးဗစ်သင်တန်းသား၊ သင်တန်းသူများက သရုပ်ပြကစားကြသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရသင်တန်းသား၊ သင်တန်းသူများအား ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါအခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ လက်ဝှေ့၊ မြန်မာ့သိုင်း၊ အေရိုးဗစ်၊ ဘိုဗီနမ်နှင့် ပြေးခုန်ပစ် စသည့် အားကစားနည်းများကို မတ်လ ၁၂ ရက်မှ ဧပြီလ ၈ ရက်အထိ အခမဲ့သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**

# သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

**သာပေါင်း ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၁၈၅၄ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်ဖူးစားပြောင်းများကို မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၁၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြောင်းသီးနှံတွေအခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ တခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးထားပါတယ်။ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စနစ်တကျဆောင်ရွက်ပေးထားသလို တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။



သာပေါင်းမြို့နယ်မှ တောင်သူများသည် မိုးစပါး၊ နွေစပါးအပြင် ရာသီပေါ်သီးနှံနှင့် ဖူးစားပြောင်းများကိုလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# စပိန်အသင်းနှင့် အီဂျစ်အသင်းတို့ခြေစမ်းပွဲမှဖြစ်ရပ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စပိန်အသင်းကို အရေးယူမှုလုပ်ဆောင်မည်




မက်ဒရစ် မေ ၉

နိုင်ငံတကာခြေစမ်းပွဲအဖြစ်ကစားသည့် စပိန်အသင်းနှင့် အီဂျစ်အသင်းတို့ပွဲစဉ်မှ ဖြစ်ရပ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စပိန်အသင်းကို အရေးယူမှုလုပ်ဆောင်ရန် စွဲချက်တင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီလ ၁ ရက်က စပိန်အသင်းနှင့် အီဂျစ်အသင်းတို့ ကစားသည့်ခြေစမ်းပွဲတွင် စပိန်အသင်းပရိသတ်များသည် ဘာသာရေးနှင့်ပတ်သက်သည့်စာသားများကို သံပြိုင်အော်ဟစ်ကြပြီး အီဂျစ်အသင်းကို လှောင်ပြောင်မှုများလုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

စပိန်အသင်းပရိသတ်များက အီဂျစ်အသင်းကို လှောင်ပြောင်သည့်စာသားများကို သံပြိုင်အော်ဟစ်နေသည့်အတွက် ပွဲကျင်းပရေးတာဝန်ရှိသူများက ဆိုင်းဘုတ်မှတစ်ဆင့် သတိပေးစာများဖော်ပြပြီး တားဆီးခဲ့ရသည်။

ယင်းခြေစမ်းပွဲအပြီးတွင် စပိန်အသင်းနည်းပြ ဒီလာဖူအန်တီက အသင်းပရိသတ်များ၏ လှောင်ပြောင်မှုအပေါ် ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သကဲ့သို့ စပိန်အသင်းမှ အဓိက ကစားသမား ယာမယ်က လည်း အသင်းပရိသတ်များ၏လုပ်ရပ်အပေါ် ပြစ်တင်ဝေဖန်ခဲ့သည်။

ထို့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ်ကစားသည့် အက်သလက်တီကိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်မတိုင်မီကလည်း ကွင်းပြင်ပတွင် အက်သလက်တီကိုအသင်းပရိသတ်များက ဘာစီလိုနာအသင်းမှ ယာမယ်ကို လှောင်ပြောင်သည့်စာသားများ အော်ဟစ်သီဆိုခဲ့ကြသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)၏ အရေးယူမှုနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

စပိန်အသင်းနှင့် အီဂျစ်အသင်းတို့ဖြစ်ရပ်နှင့် ပတ်သက်ပြီး စပိန်နိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေသကဲ့သို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်း စပိန်အသင်းပရိသတ်များ၏လုပ်ရပ်အတွက် စပိန်အသင်းကို အရေးယူမှုလုပ်ဆောင်ရန် စွဲချက်တင် စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# စပါးအသင်းက ရိုမဲရိုးအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်

လန်ဒန် မေ ၉

စပါးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား ရိုမဲရိုးအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ရိုမဲရိုးသည် ၂၀၂၁ ခုနှစ်က အတ္တလန်တာအသင်းမှ စပါးအသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း လာမည့်ဘောလုံးရာသီတွင် စပါးအသင်းအနေဖြင့် ဥရောပအဆင့်ပြိုင်ပွဲများနှင့် လွဲချော်ရမည်ဖြစ်သည့်အတွက် ရိုမဲရိုးကလည်း အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ရိုမဲရိုးနှင့် စပါးအသင်းတို့ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်အထိ ကျန်ရှိနေသေးသော်လည်း ရိုမဲရိုးကိုယ်တိုင်က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားသည့်အတွက် စပါးအသင်းကလည်း ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ထားပြီး အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ မန်ယူအသင်းကပါ ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Goal.com*

# ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အသက်အငယ်ဆုံးပါဝင်ကစားခွင့်ရရှိသူအဖြစ် ဒိုမန်း မှတ်တမ်းဝင်

လန်ဒန် မေ ၉

အာဆင်နယ်အသင်း လူငယ်ကစားသမား ဒိုမန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနှင့် အာဆင်နယ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ပါဝင်ခွင့်ရရှိပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ကွာတားဖိုင်နယ်အဆင့်တွင် အသက်အငယ်ဆုံးပါဝင်ကစားခွင့်ရရှိသူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဒိုမန်းသည် စပို့တင်းလစ္စဘွန်းအသင်းနှင့် အာဆင်နယ်အသင်းတို့ကစားသည့်ပွဲစဉ်၌ ပါဝင်ကစားချိန်တွင် ၎င်း၏အသက်မှာ ၁၆ နှစ်နှင့် ၉၇ ရက်သာရှိသေးသည့်အတွက် ဘာစီလိုနာအသင်းမှ ယာမယ်အားကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အသက်အငယ်ဆုံးပါဝင်ကစားခွင့်ရရှိသူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဒိုမန်းမတိုင်မီက ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အသက်အငယ်ဆုံးပါဝင်ကစားခွင့်ရရှိသူအဖြစ် ယာမယ်က အသက် ၁၆ နှစ်နှင့် ၂၇၂ ရက်ဖြင့်စံချိန်တင်ထားခဲ့ခြင်းကို ယခုအခါ ဒိုမန်းက ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒိုမန်းသည် အာဆင်နယ်အသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ယခုဘောလုံးရာသီတွင် နည်းပြအာတီတာ၏ ယုံကြည်မှုနှင့်အတူ အသင်းကြီးတွင်ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်ကာ အစောပိုင်းကလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးကစားသမားအဖြစ်လည်းကောင်း၊ အာဆင်နယ်အသင်းအတွက် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ်လည်းကောင်း၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် အသက်အငယ်ဆုံးကစားသမားအဖြစ်လည်းကောင်း မှတ်တမ်းဝင်ထားကြောင်း သိရသည်။

*Ref;B/R Football*




# မန်စီးတီးအသင်းက အနာဂတ်မရေမရာဖြစ်နေသည့် နည်းပြဂွါဒီယိုလာ၏နေရာ၌ အစားထိုးရန် နည်းပြအလွန်ဆိုအား ခန့်အပ်ရန်ပြင်ဆင်

မန်ချက်စတာ မေ ၉

မန်စီးတီးအသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြဂွါဒီယိုလာ၏နေရာ၌ အစားထိုးရန်အတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြအလွန်ဆိုအား ခန့်အပ်ရန်ပြင်ဆင်နေကြောင်း သိရသည်။

မန်စီးတီးအသင်းနှင့် နည်းပြဂွါဒီယိုလာတို့စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် မေလတွင်ကုန်ဆုံးမည်ဖြစ်ပြီး မန်စီးတီးအသင်းက အသင်းကို သမိုင်းဝင်အောင်မြင်မှုများရယူပေးနိုင်ခဲ့သည့် နည်းပြဂွါဒီယိုလာအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသော်လည်း နည်းပြဂွါဒီယိုလာကိုယ်တိုင်က ယခုဘောလုံးရာသီအကုန်တွင် ထွက်ခွာဖွယ်ရှိနေခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာက ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ မန်စီးတီးအသင်းတို့နှင့်အတူ ဆုဖလားများစွာဆွတ်ခူးနိုင်ပြီးနောက် နိုင်ငံလက်ရွေးစင်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ရာသီအကုန်တွင် အသင်းမှထွက်ခွာပြီး နိုင်ငံလက်ရွေးစင်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်ဖွယ်ရှိနေသည်။ လက်ရှိတွင် နည်းပြဂွါဒီယိုလာအား အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က အီတလီအသင်းနည်းပြအဖြစ် ခန့်အပ်ရန်ကြိုးပမ်းလျက်ရှိသည်။

နည်းပြ အလွန်ဆိုသည် လေဗာကူဆင်အသင်းနှင့်အတူ အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ရာ၌ ကစားသမားများနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

အစောပိုင်းက မန်စီးတီးအသင်းသည် နည်းပြ ဂွါဒီယိုလာ၏နေရာ၌ ချယ်လ်ဆီးအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြမာရက်ကာနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ နည်းပြအလွန်ဆိုနှင့်လည်း သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

*Ref;Goal.com*

# “မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် (၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှသတိပြုရန်အချက်များ”

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲမမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော် ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့မှ နှောင်းကဆုန်လဆန်း ၁ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင်မြန်မာလူမျိုးတို့သည်သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝအပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့်အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကိုလေးစားတန်ဖိုးထားမှုလျော့ပါးစေသောစရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။


**ပျောက်ဆုံးကြောင်း**
ဝေလင်း(ဘ)ဦးဇော်ဇော် ၁၂/ဒပန(နိုင်)၀၆၃၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 507425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၀၁၁၁၅၃၆

**ပျောက်ဆုံးကြောင်း**
တင်ထွဋ်(ဘ)ဦးခင်အေး ၁၂/ပဇတ(နိုင်)၀၂၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းကျော်မြင့်(ဘ)ဦးစိုးရ ၁၂/စခန(နိုင်)၀၁၆၇၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၃၄၆၇၀၂

**ပျောက်ဆုံးကြောင်း**
ရီရီမွန်(ဘ)ဦးဝင်းမြင့် ၁၄/ပသန(နိုင်)၁၅၃၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၆၈၃၆၁၅

**ပျောက်ဆုံးကြောင်း**
ဉူးစန္ဒေါဘာသ(ဘ)ဦးမှတ်စိန် ၉/တတဥ(သ)၀၀၀၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၁၉၂၅၀၇

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
မေသကြိန်မိုး(ဘ)ဦးဝင်းဖေ ၈/ဂဂန(နိုင်)၀၈၇၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်စိုးဦး(ဘ)ဦးထွန်းရှိန် ၁၄/ကလန(နိုင်)၁၂၁၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၆၁၇၈၃၂

**ပျောက်ဆုံးကြောင်း**
ကောင်းစံဦး(ဘ)ဦးကျော်ဇံဝေ ၁၁/ရသတ(နိုင်)၀၄၁၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၅၅၆၆၉၁

**ပျောက်ဆုံးကြောင်း**
ဖြိုးမင်းသူ(ဘ)ဦးဝင်းကိုဦး ၁၂/တတန(နိုင်)၂၄၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 596638)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဇိန်သင်ရဲမ်း(ဘ)ဦးခွာထီးယိုး ၄/ဟခန(နိုင်)၀၄၅၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 180951)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၂၃၅၀၄၃

**ပျောက်ဆုံးကြောင်း**
အောင်ဖြိုးသူ(ဘ)ဦးမောင်မောင်တင် ၉/ပဘန(နိုင်)၂၆၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့နေ သန်းဇော်အေး(ဘ)ဦးအေးဖေ ၇/ဒဥန(နိုင်)၁၅၀၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျောက်ကြီးမြို့နယ်နေ ခင်မျိုးနွယ်(ဘ)ဦးမျိုးကြည် ၇/ကကန(နိုင်)၀၄၀၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ နာမ့်ဖားရပ်ကွက်နေ ဒေါ်ဇူးဇူးထွန်း ၁/ဗမန(နိုင်)၁၀၂၆၉၅ ၏ဖခင်ဖြစ်သူ ဦးဇော်ဝင်းထွန်း ၁/မကန(နိုင်)၀၂၅၆၂၇ နှင့် ဦးဇော်လင်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဇော်ဝင်းထွန်း(ခ)ဦးဇော်လင်းထွန်း

**ပျောက်ဆုံးကြောင်း**
မုဒုံမြို့၊ ညောင်ကုန်းကျေးရွာနေ ရာဇာ(ဘ)ဦးတင်သိန်း ၁၀/မဒန(နိုင်)၂၀၅၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၉၉၁၆၄၄

**ပျောက်ဆုံးကြောင်း**
မြိတ်မြို့၊ ဇေယျာသီရိ(၂)ရပ်ကွက်နေ မနှင်းအိဖြူ(ဘ)ဦးထွန်းဦး ၆/မမန(နိုင်)၂၇၃၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၇၉၂၀၄၇

**ပျောက်ဆုံးကြောင်း**
မြိတ်မြို့၊ ပန်စရာရပ်နေ ဦးစံမင်း(ဘ)ဦးတင်ညွန့် ၆/မအရ(နိုင်)၀၀၄၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၈၇၃၈၆၈

**ပျောက်ဆုံးကြောင်း**
မြိတ်မြို့၊ ပန်စရာရပ်နေ မညီညီသိန်း(ဘ)ဦးအောင်သိန်း ၆/မအရ(နိုင်)၀၀၄၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၈၇၀၄၈၀

**ပျောက်ဆုံးကြောင်း**
မြိတ်မြို့၊ ပန်စရာရပ်နေ ဒေါ်လှဝင်း(ဘ)ဦးတင်ဝင်း ၆/မအရ(နိုင်)၀၄၄၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၅၃၁၄၁၀

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့၊ ညောင်ပင်သာအုပ်စု၊ ငှက်ပျောတောရွာနေ မဟီဟီ(ဘ)ဦးအီလဲယာ ၁၄/ကကထ(နိုင်)၁၇၆၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၀၄၆၁၅

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နတ်မောက်မြို့နယ်၊ အ.ထ.က(ခွဲ)ပိတောက်ငုတ်ရွာကြီးတွင် အလယ်တန်းကျောင်းအုပ်တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်စံပယ်ခိုင်နှင့် ဒေါ်စပယ်ခိုင် ၂/ဖရဆ(နိုင်)၀၀၆၆၄၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်စံပယ်ခိုင်(ခ)ဒေါ်စပယ်ခိုင်

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်၊ ပြည်သာယာ(၂x၃)လမ်းကြား၊ ဦးပိုင်အမှတ်(၁၁၉/၁၃၆)၊ မြေကွက်အမှတ်(119/136)နေ၊ ဒေါ်စိုးစန္ဒီဆွေ(၇/သကန(နိုင်)၁၁၆၂၉၈)ကိုင်ဆောင်သူမှ(အလျား ၄၀'-၀"x အနံ ၃၀'-၀")RC(၁)ထပ်အဆောက်အဦနှင့် အုတ်ခြံစည်းရိုး(အလျား ၄၀'-၀"x အနံ ၆၀'-၀")ကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့် အုတ်ခြံစည်းရိုးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် "နိုင်ငံတော်သမ္မတ"အဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "ချယ်ရီရိပ်ဖောင်ဒေးရှင်း"က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ Myanmar CDC၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်ရုံးဌာန(၂)နေရာနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ(၃)နေရာ စုစုပေါင်းရုံးဌာန/သိုလှောင်ရုံ(၅)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.1.Security(2026–2027) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၁၀-၄-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၂၈-၄-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၀၀၈၅/၀၆၇၃၄၃၀၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ သွားနှင့်ခံတွင်းဆေးရုံဝင်းအတွင်းရှိ ဆေးသိုလှောင်ရုံနှင့် ကွန်တိန်နာ(၂၅)လုံးတို့တွင် Pest Control ဝန်ဆောင်မှုလုပ်ငန်းငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.2.Pest Control(2026–2027) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၁၀-၄-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၂၈-၄-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၀၀၈၅/၀၆၇၃၄၃၀၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၂/မမ/CE | ရန်ကုန်-ပြည် ရထားလမ်းပိုင်းရှိ တည်းကုန်းဘူတာနှင့် ပြည်ဘူတာကြား မိုင်တိုင်(၁၂/၁၂)မှ (၁၆၁/၀)ထိ ရထားလမ်းတာပခုံးမြေဖို့ပြုပြင်ခြင်းလုပ်ငန်း(၃၅,၀၀၀)ကျင်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၄-၄-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀-၄-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 01-294352, 291994**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | DE/CAP(26–27)(001) | Marine Diesel Engine & Propulsion Unit | ၂ စုံ |
| (ခ) | DE/CAP(26–27)(002) | Air Bag (20 Meter Length) | ၁၂ လုံး |
| (ဂ) | DE/CAP(26–27)(003) | Anchor Windlass Complete Set | ၂ စုံ |
| (ဃ) | DE/CAP(26–27)(004) | Mini Excavator 8 tons | ၂ စီး |
| (င) | DE/CAP(26–27)(005) | Transformer 11/0.4 KV, 630 KVA | ၁ စုံ |

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံများရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ မှ ၅-၅-၂၀၂၆ နေ့အထိ(ရုံးဖွင့်ရက်များသာ) |
| ၃။ တင်ဒါပုံစံများရောင်းချမည့်အချိန် | - | ၁၀:၀၀ မှ ၁၆:၀၀ နာရီအတွင်း |
| ၄။ တင်ဒါဖွင့်မည့် ရက်နှင့်အချိန် | - | ၆-၅-၂၀၂၆(၁၀:၀၀)နာရီ |
| ၅။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ | - | ၀၁၈၂၅၀၂၅၁၊ ၀၁၈၃၈၄၂၅၂ |
| ၆။ ဆက်သွယ်ရန်လိပ်စာ | - | ထောက်ပံ့ရေးဌာနခွဲ၊ စီမံရေးရာဌာန၊ အမှတ်(၅၀)ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရန်ကုန်။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပန်းခင်း(၂)၊ အိမ်အမှတ်(၇/၂၆)နေ အမိ ဒေါ်ငယ်ငယ်ထွေး ၉/ပမန(နိုင်)၁၁၅၁၁၃ ၏သား မောင်မင်းခန့်ကျော် ၉/ပမန(နိုင်)၁၁၇၇၇၈ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်မင်းခန့်ကျော်နှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိခင်ဒေါ်ငယ်ငယ်ထွေး**

**ပျောက်ဆုံးကြောင်း**

ထွန်းလင်း(ဘ)ဦးသာလွန်း ၁၁/မတန(နိုင်)၀၁၆၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဝါဝါလှိုင်(ဘ)ဦးငြိမ်းသောင်း ၆/ကသန(နိုင်)၀၅၅၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မျိုးထက်အောင်(ဘ)ဦးမျိုးဝင်း ၁၂/ဒလန(နိုင်)၀၈၉၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 814128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၈၂၅၆

**ပျောက်ဆုံးကြောင်း**

နော်ယုယနှင်း(ဘ)ဦးစောယုဒ ၁၂/အစန(နိုင်)၁၈၇၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 216230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၉၇၄၅၅၆

**ပျောက်ဆုံးကြောင်း**

စောဝင်း(ဘ)ဦးဖြူဒေါင်းချေ ၁၁/ကဖန(နိုင်)၁၂၀၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၆၁၀၂၅၅

**ပျောက်ဆုံးကြောင်း**

အေးမြတ်မွန်(ဘ)ဦးကျော်မြင့်အောင် ၁၄/မအန(နိုင်)၁၉၂၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အေးခိုင်(ဘ)ဦးပွန်း ၁၃/တကန(နိုင်)၂၇၇၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 441983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

ခွန်စိုးမိုးထွန်း(ဘ)ဦးထွန်းငြိမ်း ၁၃/ကဟန(နိုင်)၀၂၂၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၀၀၃၆၉၇

**ပျောက်ဆုံးကြောင်း**

အေးအေးအောင်(ဘ)ဦးသန်းဦး ၇/ပခန(နိုင်)၃၉၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၀၈၄၃၃၄


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
ISO 9001:2008 Cert. No.683099
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
Kha Yae Pin Mart
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၃၀၈၆၀၁၈၀
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၆၇၁၄၄၃၅၅၅
RHINO
PRODUCT OF MEC
EXPORT QUALITY


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
SERVICES
★Current Deposit Account
★Savings Deposit Account
★Fixed Deposit Account
★Call Deposit Account
★Scholarship Funding Services
★Loans , Overdraft and Hire Purchase System
★Gift Cheque Services and Payment Order Services
★Safe Deposit Locker
★ATM / POS Services / MPU Debit Card / Credit Card
★MIR Card POS Services / MIR Card Cashout (MMK) Via POS
★Mobile Banking and Internet Banking Services
★Foreign Banking Services with Russian Banks
" စိတ်ချရတာ မြဝတီဘဏ် "
Phone:
(01) 2301367, 2301368
(01) 2301452, 2301378

❖ **သုတေသနလုပ်ငန်းများမှရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့်အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် နိုင်ငံ့စွမ်းအားကိုဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာအသုံးချနေကြသည်ကိုတွေ့ရှိရမည်ဖြစ် . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သည့်ရောဂါများ အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်ပြင်ဆင်ထားရှိ




မန္တလေး ဧပြီ ၉

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သည့်ရောဂါများအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အဆင်သင့်ပြင်ဆင်မှုများဆောင်ရွက်ထားရှိကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးကပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏လမ်းညွှန်မှုများနှင့်အတူ အပူဒဏ်ကြောင့် **စာမျက်နှာ ၇ ကော်လံ ၃ ●**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **မတ်လ ၃၀ ရက်မှ ဧပြီလ ၅ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၁၅ ဒသမ ၄၆၂၆)တန်၊ သစ်မာ (၁၈ ဒသမ ၅၇၄၆)တန်၊ အခြား (၁၅ ဒသမ ၄၂၂၈)တန်၊ စုစုပေါင်း (၄၉ ဒသမ ၄၆၀၀) တန်၊ ယာဉ်/ယန္တရား(၃)စီး၊ တရားခံ (၄)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ



## မြစ်သားမြို့နယ် ရွှေကြာအင်းကျေးရွာ၌စိုက်ပျိုးထားသော နှမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မြစ်သား ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ငါးဆူကျေးရွာအုပ်စု ရွှေကြာအင်းကျေးရွာ၌ ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရေး ကင်းတားဆည်ရေနှင့်ပန်းလောင်မြစ်မှ မြစ်ရေတင်စနစ်ဖြင့် ဆီထွက်သီးနှံနှမ်းများ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းစိုက်ပျိုးမည်ဆိုပါက မြေအနေအထားပေါ်မူတည်၍ **စာမျက်နှာ ၇ ကော်လံ ၃ ■**



## ထူးခြားသည့်နေ့အပူချိန်များ

၉-၄-၂၀၂၄

| | | | | |
|---|---|---|---|---|
| ဇလွန် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကြို့ပင်ကောက် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဇေယျာဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

**ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီးဖော်ယူရာ သဘာဝဓာတ်ငွေ့များတိုးတက်ထွက်ရှိ**

စာ – ၁၅ သို့

**ဆောင်းပါး** ရွှေရောင်အိပ်မက်များနောက်ကွယ်က အွန်လိုင်းလိမ်လည်မှုလုပ်ငန်း၏ လူကုန်ကူးမှုကျော့ကွင်း

စာ – ၂၄ သို့

